

# ဘာဖြစ်လို့ ကျနော်တို့ရဲ့ဘဝတွေ ဒီလောက် ကြပ်တည်းနေရသလဲ။

ကျနော်တို့နိုင်ငံဟာ အရင်းအမြစ်၊ သယံဇာတ ပေါကြွယ်ဝပါတယ်။ မြေဆီပြည့်ဝတဲ့ မြေတွေ၊ သတ္တု တွင်းထွက်တွေ၊ ကျွန်းသစ်တောတွေ ရှိတယ်။ ကျနော်တို့ လူမျိုးတွေဟာ ထူးချွန်ကြပြီး အလုပ်လဲကြိုးစားကြတယ်။ တချိန်က မြန်မာပြည်ဟာ ကမ္ဘာမှာ ကမ္ဘာ့ ဆန်အတင်ပို့ဆုံး နိုင်ငံတောင်ဖြစ်ခဲ့တယ်။

အခုတော့ အားလုံးသိကြတဲ့အတိုင်း ကျနော် တို့ဘဝတွေဟာ ဘာဖြစ်လို့၊ ဒီလောက်တောင် ကြပ်တည်း နေကြရသလဲ။ ကမ္ဘာမှာ အဆင်းရဲဆုံးစာရင်းဝင်နိုင်ငံ ဖြစ်ခဲ့ ကြရတယ်။

ဘာကြောင့်လဲ?၊ စစ်အာဏာရှင်စနစ်ဟာ ကျ နော်တို့နိုင်ငံရဲ့ ကြွယ်ဝတဲ့သဘာဝအရင်းအမြစ်တွေကို အလွဲသုံးစားလုပ်၊ ဖြုန်းတီးပြီး နိုင်ငံကိုကပ်ဆိုက်စေခဲ့လို့ပဲ ဖြစ်တယ်။

အာဏာရှင်စနစ်ဆိုတာ သူတို့လူနည်းစုရဲ့ အ

ကျိုးစီးပွားအတွက် အာဏာကိုအလွဲသုံးစားပြုနိုင်ပြီး ကျနော်တို့အများစုအကျိုးစီးပွားကို ပစ်ပယ်ထားတဲ့၊ ပုတ်သိုးဆွေးမြေ့နေတဲ့ နိုင်ငံရေးစနစ်ပဲဖြစ်တယ်။ အာဏာရှင်တွေဟာ သူတို့ဘယ်လောက်ပဲ ထင်းထင်းကြီးမှားယွင်းနေပါစေ၊ သူတို့သဘောမတူသူ၊ ဆန့်ကျင်သူမှန်သမျှကို ဖိနှိပ်၊ နှိပ်ကွပ်တယ်။

ကျနော်တို့မြေတွေကို အဓမ္မသိမ်းတယ်။ ကျနော်တို့မိသားစုတွေကို စောင့်ရှောက်ချိန်မရလောက်အောင် အလုပ်အဓမ္မခိုင်းစေတယ်။ ကျနော်တို့ထောက်ခံတဲ့ ခေါင်းဆောင်တွေကို ထောင်ထဲထည့်တယ်။ ကျနော်တို့ပြည်သူတွေကို သတ်ဖြတ်နေတယ်။ ဒါဟာ မြန်မာပြည်သူတွေလက်ခံတဲ့ ဓလေ့မဟုတ်ပါဘူး။ ကျနော်တို့ဟာ ဒီထက်ပိုကောင်းမွန်တဲ့ဘဝကို နေရထိုက်ပါတယ်။ အကယ်၍သာ ကျနော်တို့ခေါင်းဆောင်တွေဟာ ကျနော်တို့ခံစားနေရတာတွေကို နားလည်နေပြီး လူနည်းစုအကျိုးစီးပွားအတွက်သာ မဟုတ်ပဲ ပြည်သူတရပ်လုံး အကျိုးစီးပွားအတွက် လုပ်မယ်ဆိုရင် ကျနော်တို့ဘဝတွေ တိုးတက်လာမှာအမှန်ပဲ။ ကျနော်တို့လုပ်ဆောင်ကြရမှာက အာဏာရှင်စနစ်အတွင်းက ခေါင်းဆောင်အချို့ အပြောင်းအလဲဖြစ်ရုံသာမဟုတ်ဘူး၊ ဒီ

လိုပြောင်းလဲရုံဆိုရင်လည်း ကျနော်တို့ရဲ့ လွတ်လပ်မှုနဲ့ တရားမျှတမှုကို ငြင်းပယ်နေတဲ့ အာဏာရှင်စနစ်ကြီးဟာ ဆက်လက်တည်ရှိနေပြီးတော့ အုပ်ချုပ်သူတွေသာ ပြောင်းသွားမှာဖြစ်တယ်။ ကျနော်တို့ဆောင်ရွက်ရမှာက စနစ်ကြီးတခုလုံးကို အစားထိုးပစ်ဖို့ဖြစ်တယ်။ ဒီမိုကရေစီအစိုးရတရပ်သာ ကျနော်တို့ကြုံတွေ့နေရတဲ့ ကပ်ဒုက္ခ ကြပ်တည်းမှုတွေကို အဆုံးသတ်ပေးနိုင်မှာဖြစ်တယ်။

## ဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲရေးအတွက် မျှော်လင့်ချက်ရှိရဲ့လား။

ရှိပါတယ်။ ကျနော်တို့ရဲ့ ထက်မြက်တဲ့၊ သတ္တိဗျတ္တိရှိတဲ့ခေါင်းဆောင်များဟာ ကျနော်တို့မြန်မာပြည်မှာ ဒီမိုကရေစီကို ပြန်လည်ဆောင်ကျဉ်းနိုင်တာကို သိကြတယ်။ ဒါကြောင့်သာ ကြာရှည်စွာတိုက်ပွဲဝင်နေကြပြီး များစွာစွန့်လွှတ်မှုတွေ ပေးဆပ်နေကြတာဖြစ်တယ်။ ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အခြားခေါင်းဆောင် အဖွဲ့အစည်းအများအပြားဟာ ကျနော်တို့ရဲ့ဒီမိုကရေစီလှုပ်ရှားမှုကို ဦးဆောင်နေကြတယ်။ ရန်ကုန်က

စစ်အာဏာရှင်တွေဟာ ဒီ ဒီမိုကရေစီတိုက်ပွဲတွေကြောင့် အလွန်အမင်း တုန်လှုပ်နေကြရတယ်။

လူထုထံက စစ်အာဏာရှင်တွေ ခိုးဝှက်ထားတဲ့၊ အလွဲသုံးစားပြုနေတဲ့ အာဏာတွေကို ဒီမိုကရေစီအစိုးရ တရပ်က ပြန်လည်ရယူမှာဖြစ်တယ်။ အခုအချိန်မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒီမိုကရေစီရေးတိုက်ပွဲဝင် အသင်းတွေဟာ ခင်ဗျားတို့ရဲ့အကူအညီကို လိုအပ်နေပါတယ်။ ကျနော်တို့ အားလုံး အတူတကွညီညွတ်စွာ အာဏာရှင်တွေကိုဖယ်ရှားပြီးဘဝတွေကိုတိုးတက်အောင်ပြုလုပ်ကြရမှာဖြစ်တယ်။

## ကျနော်တို့ရဲ့ ရည်မှန်းချက်တွေက ဘာတွေလဲ။

မြန်မာပြည်မှာရှိတဲ့ ပြည်သူအများစုဟာ လွတ်လပ်စွာ၊ ငြိမ်းချမ်းစွာနေလိုကြတယ်။ ကျနော်တို့ဟာကျနော်တို့ခေါင်းဆောင်တွေကို ကြောက်နေကြရတဲ့ဘဝမျိုးနဲ့ မနေလိုကြဘူး၊ သူတို့နဲ့အတူတကွ အေးအတူပူအမျှနေလိုကြတယ်။ နှစ်ပေါင်းများစွာကြာလာတဲ့အခါ ထင်ရှားလာတာက ဒီလိုအခြေအနေမျိုးနဲ့ စစ်အာဏာရှင်တွေရဲ့အုပ်ချုပ်မှုအောက်မှာ မဖြစ်နိုင်ဘူးဆိုတာဘဲ။ ဒီတော့ ကျနော်တို့

အပြောင်းအလဲလုပ်ဖို့လိုအပ်နေပြီ။ ကျနော်တို့ရဲ့ရည်ရွယ်ချက်တွေက စစ်အာဏာရှင်တွေကို အာဏာကဖယ်ရှားပစ်ဖို့ဖြစ်တယ်။ ရွေးချယ်တင်မြှောက်ခံထားရတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ အစားထိုးဖို့ဖြစ်တယ်။ ဘယ်အင်အားစုကမဆို အာဏာရှင်စနစ်အသစ်တရပ်နဲ့ အစားမထိုးလာနိုင်စေရေးဖြစ်တယ်။ ကျနော်တို့နိုင်ငံသားအားလုံးရဲ့ လူ့အခွင့်အရေးရပိုင်ခွင့်တွေကိုလေးစားတဲ့ ဖက်ဒရယ်ဒီမိုကရေစီစနစ်တရပ် တည်ထောင်ဖို့ဖြစ်တယ်။ ဒီရည်မှန်းချက်တွေကို အပြည့်အဝ ရရှိစေရမယ်။ ဒီထက်ပိုပြီး လျှော့နည်းတာကို လက်မခံနိုင်ဘူး။

## စစ်အာဏာရှင်တွေက အာဏာလွှဲပြောင်းပေးမယ်လို့ ပြောနေကြပါတယ်၊ ယုံကြည်ရပါ့မလား။

မဖြစ်နိုင်ပါ။ အာဏာရှင်တွေဟာ အာဏာကို ပြည်သူထက် ပိုချစ်တတ်ကြပါတယ်။ ၁၉၉၀ အထွေထွေရွေးကောက်ပွဲကို ပြန်ပြောင်းသတိရကြရအောင်ပါ။ ကျနော်တို့ဟာ ခေါင်းဆောင်အသစ်၊ ဘဝပုံစံအသစ်ကို ရွေးချယ်ခဲ့ကြတယ်။ ဒါပေမယ့် စစ်အာဏာရှင်တွေက ကျနော်တို့ခေါင်း

အသုံးချ တယ်။ ကျနော်တို့ ဘဝတွေထဲအထိ ထိုးဖောက်ဖို့ သတင်းပေးတွေ၊ ထောက်လှမ်းရေးတွေ မွေးထားတယ်။ ကျနော်တို့ ရဲ့ပါတီ၊ အသင်းအပင်းများစွာကို ပိတ်ပင်တားမြစ်ထားပြီး ကျနော်တို့ခေါင်းဆောင်တွေ၊ လှုပ်ရှားသူတွေကို ထောင်ထဲ ထည့်ထားတယ်။ စိတ်ဓါတ်ကျနေရင် ကျနော်တို့ အခြေအနေတွေကတော့ မျှော်လင့်ချက်ကုန်ခန်းစရာပါပဲ။

တကယ်တော့ ကျနော်တို့သဘောပေါက်ရမှာက အာဏာရှင်တွေက ကျနော်တို့ကို ဒီပုံအတိုင်း အတိအကျ ဖန်တီးခံစားနေစေဖို့ပါပဲ။ ကျနော်တို့ဟာ ကူသူ၊ ကယ်သူမဲ့လို့ ခံစားနေရသမျှကာလပတ်လုံး ကျနော်တို့ဟာ အာဏာရှင်တွေကို ဒူးထောက်နေကြရမယ်။ အာဏာရှင်စနစ်ဟာလဲ ခိုင်မြဲနေလိမ့်မယ်။ ဒါပေမယ့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အခြားခေါင်းဆောင်များက ကျနော်တို့ရဲ့ ခွန်အားကိုသိကြတယ်။ ကျနော်တို့ အတူတကွစွမ်းဆောင်ကြရင် လွတ်မြောက်ရမယ်ဆိုတာ သိကြတယ်။ အာဏာရှင်တွေဟာ ကျနော်တို့ကိုထိန်းချုပ်ဖို့ စစ်လက်နက် အမြောက်အများ ဝယ်ခဲ့ကြတယ်။ စစ်တပ်ကို နှစ်ဆတိုးချဲ့ခဲ့ကြတယ်။ ဒါဟာ ကျနော်တို့အဖို့ အာဏာရှင်တွေနဲ့ လက်နက်ချင်းမယှဉ်နိုင်တာကို ထင်ထင်ရှားရှား ပြသနေတယ်။ စစ်

ပါ။ ဒီလိုဆိုရင်ဖြင့် ကျနော်တို့ဖာသာ လွတ်မြောက်ရေးကို ကြိုးပမ်းနိုင်ပါ့မလား။ မြန်မာပြည်ကို အာဏာရှင်တွေလက်အောက်ကလွတ်မြောက်အောင် မည်သူမျှလာမကယ်ဘူးဆိုရင် ကျနော်တို့ဖာသာ လွတ်မြောက်အောင်လုပ်ရမှာပါ။ မြန်မာပြည်ဟာ ကျနော်တို့ပိုင်ဆိုင်တဲ့နိုင်ငံပါ။ လက်တဆုပ်စာ စစ်ဗိုလ်ချုပ်တွေ ပိုင်ဆိုင်တာမဟုတ်ပါဘူး။ ကျနော်တို့ရဲ့စွမ်းဆောင်မှုနဲ့သာ မြန်မာပြည်ကို ဒီထက်ကောင်းမွန်တဲ့ အခြေအနေမျိုးကို ရောက်စေပါလိမ့်မယ်။ ကျနော်တို့ရဲ့မိဘတွေ၊ နောက်လာမယ့်မျိုးဆက် ကလေးငယ်တွေအတွက် ကျနော်တို့မှာ တာဝန်ရှိပါတယ်။

နိုင်ငံတကာကို ကျနော်တို့ကြည့်လိုက်တဲ့အခါ အခြားနိုင်ငံက ပြည်သူအများအပြားဟာ အာဏာရှင်တွေကိုဖယ်ရှားလို့ ဒီမိုကရေစီအစိုးရ ထူထောင်အောင်မြင်ခဲ့မှုရရှိခဲ့ပုံတွေ အများအပြားပါပဲ။ ကျနော်တို့ ဘာဖြစ်လို့မအောင်မြင်ရမှာလဲ။ ရန်ကုန်ကစစ်အာဏာရှင်တွေဟာ ရက်ရက် စက်စက်ဖိနှိပ်တယ်။ ကျနော်တို့ကိုယ်ကျနော်တို့ အင်အားချိနဲ့တဲ့၊ ကယ်သူမဲ့တဲ့ဘဝလို့ထင်လာအောင် ဝါဒဖြန့်ချိရေးတွေနဲ့ လုပ်ထားတယ်။ ကျနော်တို့နဲ့ ကျနော်တို့မိသားစုတွေကို ဖိနှိပ်ဒုက္ခပေးဖို့ ရဲတွေနဲ့စစ်တပ်တွေကို

## ကျနော်တို့ရဲ့ဆန္ဒတွေကိုလေးစားဖို့ နိုင်ငံတကာ ဖိအားပေးမှုတွေ စွမ်းဆောင်နိုင်ပါ့မလား။

မဖြစ်နိုင်ပါ။ အင်အားကြီးနိုင်ငံတချို့က (သို့မဟုတ်) ကမ္ဘာ့ကုလသမဂ္ဂကြီးကလာပြီး ကယ်တင်လိမ့်မယ်လို့ အချို့ကမျှော်လင့်နေကြပါတယ်။ အဝေးကြီးမှာရှိတဲ့နိုင်ငံတကာပြည်သူတွေဟာ ကျနော်တို့ကိုကူညီနိုင်ဖို့ အစွမ်းကုန်ကြိုးစားနေကြပါတယ်။ ကျနော်တို့ဘဝတွေ ဒုက္ခဆင်းရဲရောက်နေပုံကို တကမ္ဘာလုံးသိမြင်လာစေဖို့ သူတို့တွေဟာ အများကြီးစွမ်းဆောင်ခဲ့ကြပါတယ်။ ဒါလဲ အရေးပါတဲ့ အလုပ်တခုဖြစ်တဲ့အတွက် ကျနော်တို့အနေနဲ့ ကျေးဇူးတင်ရပါ။ သို့သော်လဲ ကျနော်တို့နားလည်ကြရမှာက နိုင်ငံတကာမိတ်ဆွေများရဲ့ ကြိုးပမ်းစွမ်းဆောင်မှုဟာ အတိုင်းအတာတခုထိပဲ အောင်မြင်နိုင်တယ်ဆိုတာပါပဲ။

ကျနော်တို့ဟာ ကျနော်တို့အရေးတော်ပုံရဲ့ ပင်မဇာတ်ကောင်တွေပါပဲ။ နိုင်ငံတကာမိတ်ဆွေတွေဟာ ဘေးမှ ဝိုင်းဝန်းထောက်ခံသူတွေသာဖြစ်ပါတယ်။ ကျနော်တို့မြန်မာပြည် ဒီမိုကရေစီရရှိရေးဟာ ကျနော်တို့ကြိုးပမ်းမှုအပေါ် အဓိကကျပါတယ်။ နိုင်ငံတကာနဲ့ တိုက်ရိုက်မဆိုင်

ဆောင်တွေကို ထောင်ထဲထည့်တယ်။ ဒါဟာ ကျနော်တို့ရဲ့ ဆုံးဖြတ်ချက်ကို မလေးမစားပြုတာဖြစ်တယ်။ ဒါဟာ မြန်မာလူမျိုးတွေရဲ့ ဓလေ့မဟုတ်ဘူး။ အာဏာရှင်တွေဟာ ကျနော်တို့ခေါင်းဆောင်တွေ လက်နက်ချလာစေရေးအတွက်သာ တွေ့ဆုံဆွေးနွေးမှုတွေကို ပြုတာဖြစ်တယ်။ ရိုးသားတဲ့ တွေ့ဆုံဆွေးနွေးမှုတွေ မဟုတ်ဘူး။

သူတို့ဟာ စစ်တပ်ကိုအလွဲသုံးစားပြုပြီး ကျနော်တို့ကို ဖိနှိပ်တယ်။ သူတို့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲဖို့ ကတိပေးတယ်။ ဒါဟာလဲ သူတို့အုပ်ချုပ်ရေး ဆက်လက်ခိုင်မြဲဖို့ အာမခံချက်အတွက်ပဲဖြစ်တယ်။ အာဏာရှင်တွေဟာ ဘယ်တော့မှဆင်းပေးမှာမဟုတ်၊ ကျနော်တို့ဆုံးဖြတ်ချက်တွေကိုလဲ လေးစားမှာမဟုတ်ဘူး။ ဒီမိုကရေစီရရှိဖို့နဲ့ ဘဝတိုးတက်ရေးအတွက်ဆိုရင် သူတို့ဆီကအာဏာကို ဆွဲဖယ်ရှားပစ်ရုံမှလွဲ၍ အခြားနည်းလမ်းမရှိပါ။

အင်အားချင်း ယှဉ်မတိုက်နိုင်တာကို ပြနေတယ်။ ဒီနည်းအားဖြင့် လွတ်မြောက်စေမှာမဟုတ်ပါဘူး။ ကျနော်တို့တိုင်းပြည်ကို ပျက်စီးစေမယ့်၊ ကျနော်တို့ရဲ့ကလေးငယ်တွေ သေဆုံးကြရမယ့် ပြည်တွင်းစစ်ကို ကျနော်တို့မလိုလားကြပါဘူး။ ကျနော်တို့ဟာ ဒီထက်ပိုပြီး ကြံ့ရည်ဖန်ရည်ရှိကြပါတယ်။ အာဏာရှင်တွေက ကျနော်တို့ကို အကြမ်းဖက်မှုတွေဖြစ်လာအောင် သွေးထိုးနေမှုတွေကို ထင်းထင်းကြီးမြင်နေရတယ်။ ကျနော်တို့ဘဝတွေ ဒီဒုက္ခကနေ သည်းမခံနိုင်တော့တဲ့အဆုံး ဒေါသနဲ့အကြမ်းဖက်တုန့်ပြန်စေဖို့ လိုလားကြတယ်။ ဒါဟာ အာဏာရှင်တွေဖန်တီးထားတဲ့ ထောင်ချောက်သာဖြစ်ပါတယ်။ သူတို့က ကျနော်တို့ကို အကြမ်းဖက်စေလိုကြတယ်။ ဒါမှသာ သူတို့ချေမှုန်းဖို့ အကြောင်းပြချက်ကောင်းကောင်းရမှာဖြစ်တယ်။ ကျနော်တို့က စစ်လက်နက်ချင်းယှဉ်ဖို့ ကြိုးစားလာရင်၊ အကြမ်းဖက်လာရင်၊ သူတို့ချေမှုန်းနိုင်တာကို အာဏာရှင်တွေက ကောင်းကောင်းသိကြတယ်။ ကျနော်တို့ဖာသာလွတ်မြောက်စေဖို့ အခြားနည်းလမ်းကောင်းတခုရှိပါတယ်။

ကမ္ဘာတလွှားကပြည်သူတွေဟာ သူတို့ဖာသာ သူတို့ ပြည်တွင်းစစ်မဖြစ်ပွားရပါပဲ လွတ်မြောက်စေခဲ့ကြ

တယ်။ ကျနော်တို့လဲ စွမ်းဆောင်နိုင်ကြပါတယ်။ ကျနော်တို့ဟာ ကျနော်တို့ရဲ့ အခြားတခုသောအင်အားကို အသုံးချဖို့ပါပဲ။ ကျနော်တို့ရဲ့ ဒီမိုကရေစီလှုပ်ရှားမှုခေါင်းဆောင်များက စေ့စပ်သေချာစွာစဉ်းစားခဲ့ကြပြီး အာဏာရှင်စနစ်ကိုဖယ်ရှားဖို့ အခြားအင်အားကောင်းတဲ့နည်းလမ်းကို ရွေးချယ်ခဲ့ကြပါတယ်။ အဲဒါကတော့ ရန်ကုန်က လက်တဆုပ်စာ စစ်ဗိုလ်ချုပ်တွေရဲ့ လက်ထဲကအာဏာကို ပြည်သူအများရဲ့အင်အားနဲ့ လှုပ်ရှားအာခံဖယ်ရှားပစ်ကြဖို့ပါပဲ။ ဒါဟာ ကျနော်တို့အားလုံး တိုက်ပွဲထဲမှာ အရေးကြီးတဲ့အခန်းကဏ္ဍက ပါဝင်ရမှာပါ။ ဒါကတော့ "နိုင်ငံရေးအန်တုမှု" လို့ခေါ်တဲ့ တိုက်ပွဲသဏ္ဍာန်ပဲဖြစ်ပါတယ်။

## နိုင်ငံရေးအန်တုမှု ဆိုတာဘာလဲ။

နိုင်ငံရေးအန်တုမှုဆိုတာ အဆင့်မြင့်အကြမ်းမဲ့တိုက်ပွဲနည်းလမ်းပဲ ဖြစ်ပါတယ်။ စစ်လက်နက်တွေနဲ့ တိုက်ပွဲဆင်မယ့်အစား ပြည်သူတွေက စိတ်ဓါတ်ရေးရာ၊ လူမှုရေးရာ၊ စီးပွားရေးရာ၊ နိုင်ငံရေးရာ အစရှိတဲ့လက်နက်တွေကို

သုံးပြီး အာဏာရှင်တွေလက်ထဲက အာဏာတွေကို ဖယ်ရှားနိုင်သည်အထိ မိမိတို့ဟာသာ ဩဇာအာဏာ ကြီးထွားလာအောင် တိုက်ခိုက်တဲ့နည်းလမ်းပဲဖြစ်ပါတယ်။ လိမ္မာပါးနပ်စွာရွေးချယ်ပြီး အာဏာရှင်တွေရဲ့ အားအနည်းဆုံးနေရာတွေကို အကြမ်းမဖက်တဲ့လက်နက်နဲ့ ချိန်ရွယ်တိုက်ခိုက်ရမှာဖြစ်ပါတယ်။

"နိုင်ငံရေးအန်တုမှု" ဆိုတာက အာဏာရှင်တွေနဲ့ ပူးပေါင်းမဆောင်ရွက်ခြင်းအားဖြင့် အာဏာကို စနစ်တကျ ပြန်လည်ရုတ်သိမ်းယူခြင်းဖြစ်ပါတယ်။ ပြည်သူအများစုရဲ့ ပူးပေါင်းဆောင်ရွက်မှုမရတဲ့အခါ အာဏာရှင်တွေဟာ အုပ်ချုပ်ဖို့ရာ မစွမ်းသာကြတော့ပါဘူး။ နိုင်ငံရေးအာဏာဟာ စစ်တပ်အကြီးကြီး ပိုင်ထားမှုအပေါ်မှာ မူတည်တာ မဟုတ်ပါဘူး။ မြန်မာ့စစ်တပ်မှာ စစ်သား (၄) သိန်းကျော်ရှိပါတယ်။ သို့သော် ကျနော်တို့ပြည်သူလူထုဖက်မှာက သန်း (၄၀) ကျော်ရှိတာဖြစ်ပါတယ်။ သေချာတာတခုကတော့ အာဏာရှင်တွေဟာ ကျနော်တို့တဦးစီရဲ့နောက်မှာ စစ်သားတဦးစီချထားပြီး ပူးပေါင်းဆောင်ရွက်လာစေဖို့ အဓမ္မလုပ်ဖို့ရာ မတတ်နိုင်ဘူးဆိုတာပါပဲ။ သူတို့လုပ်နိုင်တာက စစ်တပ်အားဖြင့် ကျနော်တို့ကိုနှိပ်ကွပ်၊ ကျနော်တို့ကို

ကြောက်လန့်စေပြီး သူတို့ရဲ့အမိန့်တွေကို နာခံလာစေရေးပါပဲ။ လူထုအများစုက နာခံလာမှသာ အာဏာရှင်တွေအတွက် အုပ်ချုပ်ဖို့ဖြစ်နိုင်ပါတယ်။ အကြောက်တရားအားဖြင့် အုပ်ချုပ်ခြင်းဖြစ်ပါတယ်။ နိုင်ငံရေးအန်တုမှုဆိုတာ ဒီလိုသံသရာလည်နေတဲ့ ဖိနှိပ်မှု၊ အကြောက်တရား၊ ပူးပေါင်းဆောင်ရွက်မှုဆိုတဲ့ စက်ဝိုင်းကို ဖျက်ချိုးလိုက်တာပါပဲ။ ဒေါ်အောင်ဆန်းစုကြည်ကို ကြည့်ကြပါစို့၊ သူမဟာ ၆ နှစ်ကျော် အချုပ်ခံခဲ့ရတယ်။ ခြိမ်းခြောက်ခံခဲ့ရတယ်။ အကျည်းတန်တဲ့ စော်ကားမော်ကားလုပ်မှုတွေ ခံခဲ့ရတယ်။ ဒါပေမယ့် သူမဟာ မတရားတဲ့ အာဏာရှင်တွေအုပ်ချုပ်ရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုမပြုပါဘူး။ အာဏာရှင်တွေဟာ ဒေါ်အောင်ဆန်းစုကြည်ကို ထောင်ချရင်ချနိုင်ပါတယ်။ ဒါပေမယ့် သူတို့အလိုကျလုပ်စေဖို့တော့ မစွမ်းသာပါဘူး။

ဒေါ်အောင်ဆန်းစုကြည်က ပြောခဲ့ဖူးပါတယ်။ "လက်ရှိ အာဏာရအစိုးရရဲ့အမြင်တွေနဲ့ သဘောမတူသူအားလုံးက သဘာဝအားဖြင့် အလိုအလျောက်တုန့်ပြန်ချက်တွေဟာ နိုင်ငံရေးအန်တုမှုတွေပါပဲ"တဲ့။ ဒီအမြင်အရဆိုရင် မြန်မာပြည်က ပြည်သူအများစုဟာ နိုင်ငံရေးအန်တုမှုတွေကို လက်တွေ့အားဖြင့်မဟုတ်တောင်မှ နှလုံးသားထဲ

က လိုလိုလားလား စွဲကိုင်လုပ်ဆောင်ခဲ့ကြပါတယ်။ ယခု အချိန်ကတော့ နိုင်ငံရေးအန်တုမှုလုပ်ငန်းတွေကို ပိုပြီးလုပ်ဆောင်ရမယ့် အချိန်ရောက်နေပါပြီ။

## အာဏာရှင်တွေဟာ နိုင်ငံရေးအာဏာတွေကို ဘယ်ကရသလဲ။

ကျနော်တို့ဟာ အာဏာရှင်တွေ ဘယ်လိုအာဏာကိုရလာသလဲဆိုတာကို ပိုသိဖို့ လိုအပ်ပါတယ်။ နိုင်ငံရေးအာဏာဆိုတာ သူ့အလိုလို ရလာတာမဟုတ်ပါဘူး။ နိုင်ငံရေးအာဏာဟာ မွေးရာပါမဟုတ်ဘူး။ နိုင်ငံရေးအာဏာဆိုတာ ပံ့ပိုးမှု၊ ထောက်ပံ့မှု၊ အားဖြည့်ပေးမှုတွေနဲ့သာ ရရှိလာကြတာဖြစ်ပါတယ်။ နိုင်ငံရေးအာဏာရဲ့ အရင်းအမြစ်တွေဟာ နေရာအနှံ့အပြားမှာ တည်ရှိနေကြပါတယ်။ အာဏာရှင်အားလုံး ယုတ်စွအဆုံး ရန်ကုန်ရှိစစ်အာဏာရှင်များအပါအဝင်ဟာ အဲ့ဒီအာဏာအရင်းအမြစ်များမှနေပြီး ကင်းလွတ်ပြီး ရှင်သန်ရပ်တည်နိုင်ကြတာ မဟုတ်ပါဘူး။ နိုင်ငံရေးအန်တုမှုနည်းလမ်းဟာ အာဏာရှင်များရဲ့ ၎င်းတို့

အာဏာရရှိရာ ရေသောက်မြစ်များကို ပြတ်တောက်စေခြင်း ဖြစ်တယ်။

## အာဏာရဲ့အရင်းအမြစ်တွေက ဘာလဲ။

အာဏာရှင်တွေဟာ သူတို့မှာအုပ်ချုပ်ပိုင်ခွင့် တရားဝင်ရှိကြောင်းကို ပြည်သူတွေယုံကြည်စေပြီး ပြည်သူတွေက သူတို့အလိုကျ ပူးပေါင်းဆောင်ရွက်မှုကို အလိုရှိပါတယ်။ ဒီအခြင်းအရာကို အာဏာပိုင်မှု (သို့မဟုတ်) တရားဝင်မှုလို့ ခေါ်ဆိုကြပါတယ်။ ဒါကိုလက်ခံလိုက်တာနဲ့ အာဏာရှင်တွေဟာ တရားဝင်အမိန့်ပေးခွင့်ရလာကြပြီး ပြည်သူတွေဟာ အမိန့်နာခံကြရပါတော့တယ်။ အာဏာပိုင်မှုကိုလက်ခံလေးစားတဲ့ တသီးပုဂ္ဂလပုဂ္ဂိုလ်များ၊ ဘာသာရေး၊ လူမှုရေးရာခေါင်းဆောင်များ၊ အဖွဲ့အစည်းများနဲ့ ကျဉ်းကန်ကြပါတယ်။ ဒီအာဏာပိုင်မှုကို ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ဥပမာအားဖြင့် ဒီမိုကရေစီကိုလိုလားတဲ့ သံဃာ၊ ဆရာတော်ကြီးများကို သံဃာ့အသိုင်းအဝိုင်းမှ ပယ်ထုတ်ခြင်းတွေ လုပ်လာကြပါတော့တယ်။ အာဏာရှင်တွေဟာ နိုင်ငံတခုလုံးကို အုပ်ချုပ်လည်ပတ်ဖို့ သူတို့ဖာသာ

မတတ်နိုင်ကြဘူးဆိုတာ ထင်ရှားပါတယ်။ သူတို့အတွက် ဒါဟာ ရှုပ်ထွေးနက်နဲလှပါတယ်။

ဒါကြောင့် အာဏာရှင်တွေဟာ အယူအဆ သွတ်သွင်းပေးမှု၊ ခြိမ်းခြောက်မှု၊ မတရားအသုံးချမှုတွေနဲ့ အာဏာရှင်တွေဟာ တိုင်းပြည်ရဲ့စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးယန္တယားတွေကို လည်ပတ်အောင် စွမ်းဆောင်နိုင်မယ့် လူသားအရင်းအမြစ်တွေရဲ့ ပူးပေါင်းဆောင်ရွက်မှု ရရှိလာအောင် ပြုကြရပါတယ်။ ဒီအာဏာရဲ့အရင်းအမြစ်နဲ့ဆက်စပ်ပြီး အာဏာရှင်တွေဟာ အခြားကျွမ်းကျင်သူများရဲ့ အရည်အချင်း၊ ဗဟုသုတ၊ အသိပညာတွေအပေါ်ကိုလဲ မှီခိုကြရပါတယ်။ ဆိုကြပါစို့ အာဏာရှင်တွေဟာ ရဲတွေရဲ့အရည်အချင်းနဲ့ ကျွမ်းကျင်မှု၊ လေယာဉ်မှူးတွေရဲ့အရည်အချင်းနဲ့ ကျွမ်းကျင်မှု၊ ကွန်ပြူတာပညာရှင်တွေ၊ စစ်သားတွေ၊ ဆရာဝန်တွေ၊ စာရင်းအင်းပညာရှင်တွေ၊ ရထားလမ်းလုပ်သားတွေ၊ ယာဉ်မောင်းသူတွေ၊ လယ်သမားတွေ၊ တယ်လီဖုန်းပြင်လုပ်သားတွေ၊ လျှပ်စစ်ပညာရှင်တွေ၊ စက်မှုလုပ်သားတွေမရှိပဲ အာဏာရှင်စနစ်ကို ဆက်လက်ရပ်တည်နိုင်တာ မဟုတ်ပါဘူး။ စစ်အစိုးရရဲ့ပေါ်လစီတွေကို အာမခံ အကောင်အထည်ဖော်ပေးနိုင်မယ့် အစိုးရဝန်ထမ်းတွေကို အာ

ဏာရှင်တွေက အလုပ်အာမခံမှု၊ မဆန့်ကျင်နိုင်ရန် ခြိမ်းခြောက်မှုတွေနဲ့ ချုပ်ကိုင်ကြတယ်။ သူတို့ဟာ လူများစွာရဲ့ ပူးပေါင်းဆောင်ရွက်မှုကို လိုပါတယ်။

အာဏာရှင်တွေဟာ အစိုးရအာဏာအဖြစ် လူထုနဲ့ လူမှုစနစ်တရပ်လုံးကိုထိန်းနိုင်ဖို့၊ အမိန့်ပေးစေခိုင်းနိုင်ဖို့၊ မြောက်မြားလှတဲ့ ရုပ်ပစ္စည်းအရင်းအမြစ်တွေလဲ လိုအပ်ပါတယ်။ ဒီအထဲမှာ ငွေကြေး၊ ရိက္ခာ၊ ကုန်ကြမ်း၊ ထုတ်လုပ်နိုင်စွမ်း၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးကိရိယာတွေလဲ ပါဝင်ပါတယ်။ ဒီရုပ်ပစ္စည်း အရင်းအမြစ်တွေကိုရရှိဖို့ အသုံးချထိန်းချုပ်နိုင်ဖို့အတွက် အာဏာရှင်တွေဟာ အလုပ်သမားသမဂ္ဂတွေကို ချေမှုန်းကြပါတယ်။ အဓမ္မလုပ်အားပေးစေခိုင်းမှုတွေ လုပ်ကြပါတယ်။ အာဏာရှင်ရဲ့အိတ်ကပ်ကို ငွေကြေးဖြည့်ပေးမယ့်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ ကုန်သည်ကြီးတွေကိုသာ အားပေးကြပါတယ်။ တိုင်းပြည်ရဲ့အဖိုးတန်တဲ့ သစ်တော၊ ကြွယ်ဝတဲ့ စီးပွားရေးအရင်းအမြစ်တွေကို ရောင်းစားလေ့ရှိကြပါတယ်။ အာဏာရှင်တွေဟာ ကျနော်တို့ကို သတ်ဖြတ်ခြိမ်းခြောက်ဖို့ ကျနော်တို့စားမယ့် ဆန်တွေကိုပါရောင်းပြီး လက်နက်ဝယ်ကြပါတယ်။ နောက်ဆုံး အစိုးရအပေါ် သည်းခံစိတ် ကုန်ခမ်းစိတ်ပျက်ပြီး ပြည်

သူတွေက အစိုးရခိုင်းသလို (အမိန့်ပေးသလို) မလုပ်ကြရာ ကနေ ပူးပေါင်းဆောင်ရွက်မှုကိုရုပ်သိမ်းပြီး စတင်အာဏာ ဖီဆန်လာကြတဲ့ အခါ အာဏာရှင်တွေဟာ ခြိမ်းခြောက်မှု၊ အပြစ်ပေးအရေးယူမှု၊ ဒဏ်ပေးမှုတွေလုပ်ပြီး ထိန်းချုပ်ဖို့ ကြိုးစားကြပါတော့တယ်။ အာဏာရှင်တွေဟာ ပြင်ပနိုင်ငံ တခုရဲ့ အန္တရာယ်မရှိပါပဲ စစ်တပ်အင်အားကြီးမားအောင် ပြုလုပ်ခြင်း၊ ထောက်လှမ်းရေးရဲတွေကို ထားရှိခြင်းဟာ ကိုယ့်ပြည်သူကိုဖိနှိပ်ဖို့သာ ဖြစ်ပါတယ်။ အာဏာရှင်တွေ အနေနဲ့ နိုင်ငံရေးခေါင်းဆောင်များနဲ့ ဒီမိုကရေစီရေးလှုပ်ရှား သူများကို ဖမ်းဆီးခြင်း၊ နှိပ်စက်ညှင်းပမ်းခြင်း၊ သတ်ဖြတ်ခြင်း များပြုလုပ်ပြီး ပြည်သူသန်းပေါင်းများစွာကို ကြောက်ရွံ့နေရ အောင်၊ အမိန့်နာခံလာကြရအောင် ခြိမ်းခြောက်ကြပါ တော့တယ်။

ဒီအာဏာရဲ့အရင်းအမြစ်တွေကို အာဏာရှင် တွေက ပိုင်ဆိုင်တာမဟုတ်ပါဘူး။ သူတို့ဟာ အာဏာကို မွေးကတည်းက ပါလာကြတာမဟုတ်ပါဘူး။ တကယ်တော့ ဒီအာဏာရဲ့ အရင်းအမြစ်များဟာ ကျနော်တို့ဆီကပဲ လာ တာပါ။ လူမှုစနစ်ထဲမှ လူထုကြီးတရပ်လုံးဆီက၊ ကျနော်တို့ ရဲ့ အသင်းအဖွဲ့များ၊ လူမှုအသိုက်အဝန်းများဆီကလာ

တာပါ။ ဒါတွေကို ကျနော်တို့ပြန်ယူရမယ်။ ဒါတွေအားလုံးကို ကျနော်တို့ ပိုင်ဆိုင်ပါတယ်။ နိုင်ငံရေးအန်တုမှုကတော့ အာဏာရှင်တွေနဲ့ နိုင်ငံရေးအာဏာအရင်းအမြစ်၊ ရေသောက်မြစ်တွေကို အမြစ်ဖြတ်ပေးမယ့် သင့်တော်လျော်ကန်တဲ့ ကိရိယာတစ်ခုသာဖြစ်ပါတယ်။ အပင်ဟာ မြေဆီမရရင် ညှိုးနွမ်းရသလို အာဏာအမြစ်ဖြတ်ခံရတဲ့ အာဏာရှင်ဟာလဲချိနဲ့ပြီး နောက်ဆုံးမှာ ကျရှုံးဘုံးဘုံးလဲရမှာဖြစ်ပါတယ်။

## အခြားနိုင်ငံတွေမှာ နိုင်ငံရေးအန်တုမှုတိုက်ပွဲနဲ့ အောင်ပွဲရရှိခဲ့ကြပါသလား။

အသေအချာပါ။ နိုင်ငံပေါင်းများစွာမှာ တချိန်က အာဏာရှင်တွေကြီးစိုးခဲ့ကြပေမယ့် ယခုလက်ရှိမှာ ဆက်လက်မကြီးစိုးနိုင်ကြတော့ပါဘူး။ အကြောင်းကတော့ အကျယ်အပြန့်အားဖြင့် ဖြစ်စေ၊ တစိတ်တပိုင်းအားဖြင့်ဖြစ်စေ၊ နိုင်ငံရေးအန်တုမှုတိုက်ပွဲတွေနဲ့ တိုက်ပွဲဝင်ခဲ့တာကြောင့်ဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ ရက်စက်တဲ့အစိုးရများရဲ့ ဖိလ်ကျအုပ်ချုပ်မှုတွေကို သူတို့ပြည်သူတွေဟာ အကြမ်းမဖက်တဲ့ တိုက်ပွဲနည်းလမ်းတွေနဲ့ သူတို့အာဏာရှင်စနစ်တွေကို ဖြိုချ

နိုင်ခဲ့ကြပါပြီ။ ဒီနိုင်ငံတွေထဲမှာ ချီလီ၊ ပိုလန်၊ ချက်ကိုစလိုပက်ကီးယား၊ ရုရှား၊ လတ်ဗီးယား၊ အက်တိုးနီးယား၊ လစ်သူအားနီးယား၊ မင်္ဂဒတ်စကား၊ အရှေ့ဂျာမဏီ၊ ဟန်ဂေရီ၊ ဖိလစ်ပိုင်၊ တောင်ကိုးရီးယား၊ တောင်အာဖရိကနဲ့ဘရာဇီးလ်တို့ ပါဝင်ကြပါတယ်။ သေချာတာတခုကတော့ အချက်အလက်ပေါင်းများစွာဟာ ဒီမိုကရစီစနစ်ပြောင်းလဲရေးသို့ ရှေ့ဆောင်ခဲ့ကြပါတယ်။ နိုင်ငံတွေရဲ့သမိုင်းဟာ တထပ်တည်းတော့ မကျနိုင်ပါဘူး။ သို့သော်လဲ လွတ်မြောက်ရေးနဲ့ ဒီမိုကရေစီသို့ ပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှု သမိုင်းတလျှောက်လုံးကိုပြန်ကြည့်ရင် အဓိကကျတဲ့ အင်အားစုတစု ရှိနေခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။ ဒါကတော့ ပြည်သူတွေကသူတို့ရဲ့လွတ်မြောက်ရေးအတွက် အကြမ်းမဖက်တဲ့ နည်းလမ်းတွေနဲ့ တက်ကြွစွာပါဝင်တိုက်ပွဲဝင်ခဲ့တာပဲ ဖြစ်ပါတယ်။

## မြန်မာပြည်မှာ နိုင်ငံရေးအန်တုမှုနည်းလမ်းကို အသုံးပြုနိုင်ပါသလား။

အသုံးပြုနိုင်ပါတယ်။ အခြားနိုင်ငံကပြည်သူတွေ အသုံးပြုနိုင်ခဲ့ကြသလို ကျနော်တို့လဲ အသုံးပြုတိုက်ပွဲဝင်နိုင်

ပါတယ်။ ကျနော်တို့ဟာ သတ္တိရှိတဲ့ ပြည်သူတွေပါ။ ကျနော်တို့ဟာ ဉာဏ်ရည်လဲ ထက်မြက်ကြတယ်။ ကျနော်တို့ ညီညွတ်စွာ လုပ်နိုင်ပါတယ်။ ဒီလိုနဲ့ပဲ ကျနော်တို့ ကိုလိုနီနယ်ချဲ့လက်အောက်က မြန်မာပြည်ကို လွတ်မြောက်အောင် လုပ်ခဲ့ကြပြီးဖြစ်ပါတယ်။ ယခုအချိန်မှာတော့ ကျနော်တို့ဟာ အာဏာရှင်တွေနဲ့ သူတို့ရဲ့ တိုင်းတပါးထောက်ပံ့ကူညီနေသူတွေကို ရင်ဆိုင်နေကြရတာဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ အခြားခေါင်းဆောင်တွေဟာ ကျနော်တို့က အကြမ်းဖက်တော်လှန်ရေးဆင်နွှဲရင် (သို့မဟုတ်) စစ်ရေးအားဖြင့် တော်လှန်ဖို့ကြိုးစားရင် အာဏာရှင်တွေဖက်က အကျိုးအမြတ်ရှိနိုင်တာကို သဘောပေါက်ကြတယ်။ သူတို့မှာ လက်နက်အင်အား သာလွန်တယ်၊ စစ်သားအရေအတွက်များတယ်၊ သယ်ယူပို့ဆောင်ရေး ကောင်းတယ်၊ ပိုက်ဆံပိုရှိတယ်။ ကျနော်တို့ဟာ ဒီထက် ပိုပြီး လိမ္မာပါးနပ်ဖို့လိုတယ်။ ကျနော်တို့ဟာ အာဏာရှင်တွေရဲ့ အားကောင်းတဲ့နေရာကို တိုက်ခိုက်မှာမဟုတ်ဘူး။ နိုင်ငံရေးအန်တုမှုနည်းလမ်းနဲ့ အသုံးပြုတိုက်ခိုက်ရင် ကျနော်တို့အတွက် အသာစီးရနိုင်မယ်လို့ ဆုံးဖြတ်ချက်ချခဲ့ကြတယ်။ မြန်မာပြည်ဟာ ကျနော်တို့နိုင်ငံပါ။ ဒီနိုင်ငံထဲ

မှာ လွတ်လပ်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးလိုလားတဲ့ ပြည်သူသန်းပေါင်းများစွာရှိကြတယ်။ အခြားတဖက်မှာတော့ အာဏာရှင်စစ်ဗိုလ်ချုပ်တွေက အနည်းစုဖြစ်ကြတယ်။ ကျနော်တို့ အတူတကွတွန်းလှန်ကြရင် ကျနော်တို့ကို ဖိနှိပ်နေတဲ့အာဏာရှင်တွေ ပြိုကျသွားနိုင်တဲ့ အခြေအနေလည်းရှိပါတယ်။

ကျနော်တို့ရဲ့သမိုင်းကိုပြန်ကြည့်ရင် ကျနော်တို့ရဲ့ ဒုတိယအကြိမ်မြောက် လွတ်လပ်ရေးတိုက်ပွဲ အရေးတော်ပုံကြီးအတွက် သင်ခန်းစာများစွာ ပြင်ဆင်ထားပေးခဲ့တာတွေ့ရမယ်။ ကျနော်တို့ရဲ့ အဖေ၊ အဖိုးများဟာ ပထမအကြိမ် လွတ်လပ်ရေးတိုက်ပွဲကာလက နိုင်ငံရေးအန်တုမှုနည်းလမ်းတွေသုံးခဲ့ကြတာ အချက်အလက် အထင်အရှားပဲ။ အမျိုးသားနေ့လို့အမည်တွင်ခဲ့တဲ့ ၁၉၂၀၊ ဒီဇင်ဘာလ (၅) ရက်၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားသပိတ်အကြောင်းကို ကျနော်တို့ ကောင်းကောင်းသိကြတယ်။ ၁၉၃၆ မှာ ဗိုလ်ချုပ်အောင်ဆန်းဟာ ကျောင်းသားခေါင်းဆောင်ဘဝနဲ့ သုံးလကျော်ကြာ ကျောင်းသားသပိတ်ကို ဆင်နွှဲခဲ့တယ်။ ၁၉၃၈ မှာ ရေနံမြေအလုပ်သမားတွေဟာ (၁၁) လကျော်ကြာ အလုပ်သမားသပိတ်နဲ့ နိုင်ငံအနှံ့အ


ပြားမှာ ဆန္ဒပြပွဲတွေ၊ သပိတ်တွေဆင်နွှဲခဲ့ကြတယ်။ အကြမ်းမဖက်တဲ့ နိုင်ငံရေးအန်တုမှုတိုက်ပွဲဟာ ကျနော်တို့သမိုင်းမှာ အထင်အရှားတည်ရှိခဲ့တယ်။ ဒါကို ကျနော်တို့ အမှတ်ရကြရမယ်။ ဂုဏ်လဲပြုကြရမယ်။

ရန်ကုန်က အာဏာရှင်တွေဟာ "နိုင်ငံရေးအန်တုမှု" ကို နိုင်ငံရပ်ခြားက သွင်းကုန်တခုအဖြစ်၊ နိုင်ငံခြားက အကောက်ကြံမှုတခုအဖြစ် သွေးထိုးမှုတွေပြုလုပ်ပြီး အကြိမ်ပေါင်းများစွာ ပုတ်ခတ်ခဲ့ကြတယ်။ ကျနော်တို့အားလုံးက မမှန်တာကိုသိကြပါတယ်။ အာဏာရှင်တွေ ဘာလို့ပုတ်ခတ်နေကြရသလဲဆိုတော့ နိုင်ငံရေးအန်တုမှုတိုက်ပွဲဟာ သူတို့အာဏာတွေကို တိုက်စားကုန်မှာ သိကြလို့ပါပဲ။ ကျနော်တို့ ဒီမိုကရေစီအင်အားစုတွေ ပိုပြီးအားကောင်းလာမယ်၊ ပိုပြီးစုစည်းညီညွတ်လာကြမယ်၊ ပြည်သူတွေဟာလည်း အာဏာရှင်အုပ်ချုပ်ရေးကို မပျော်ပိုက်ကြဘူးဆိုတာတွေ သူတို့မြင်တွေ့နေကြလို့ပဲဖြစ်တယ်။

## အာဏာရှင်တို့၏ အာဏာဒေါက်တိုင်များ။

နိုင်ငံရေးအန်တုမှုဆိုတာ သိပ်ထိရောက်ပါတယ်။

အကြောင်းကတော့ အာဏာရှင်တွေရဲ့ အာဏာရေသောက် မြစ်တွေကို ဖြတ်တောက်ပစ်နိုင်လို့ပဲ ဖြစ်တယ်။ အာဏာရဲ့ အရင်းအမြစ်တွေဖြစ်တဲ့ အင်အားစုများ၊ အသင်းအဖွဲ့များ ကို အာဏာရဲ့ ဒေါက်တိုင်များလို့ ခေါ်ပါတယ်။ အာဏာရှင် စနစ်တခုကို ပုံဖော်ကြည့်တဲ့အခါ ဒေါက်တိုင်တွေအပေါ်မှာ ရပ်တည်နေတဲ့ အိမ်တလုံးနဲ့တူပါတယ်။ ဒီဒေါက်တိုင်တွေ မရှိတော့တဲ့အခါ အိမ်ဟာ ရပ်တည်နေလို့ မရတော့ပါဘူး။ အမှန်အကန်ပါပဲ။ သို့ အာဏာရှင်စနစ်မှာလည်း ဒီအတိုင်း အာဏာရှင်စနစ်ရဲ့ ဒေါက်တိုင်တွေက သစ်သားတွေ၊ သော် အုတ်တိုင်တွေမဟုတ်တာပဲ ကွာပါ ဝါးတွေ၊ သံချောင်းတွေ၊ အာဏာရှင်စနစ်ကိုအုပ် တယ်။ ဒီဒေါက်တိုင်တွေကတော့ အာဏာရှင်စနစ်ကိုအုပ် ချုပ်နိုင်ဖို့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရင်းအမြစ်တွေနဲ့ ကျားကန် ထောက်ကန်ပေးထားတဲ့ အင်အားစုတွေ၊ လူမှု အသင်းအဖွဲ့တွေပဲ ဖြစ်ပါတယ်။ အာဏာရှင်တွေရဲ့ ဩဇာ အာဏာတည်ဆောက်ထားပုံကိုကြည့်တဲ့အခါ အာဏာကို ထောက်ကန်ပေးထားတဲ့ ပင်မဒေါက်တိုင်တွေကို သေချာ ထင်ရှားစွာပဲ ခွဲခြားတွေ့ရှိနိုင်ပါတယ်။


နဝတ (SLORC POWER)
ထောက်လှမ်းရေး
စစ်တပ်
ရဲ၊ ပြည်သူ့စစ် သာကဆစ
ဝါဒဖြန့်ချိရေး
ပြည်သူ့ဝန်ထမ်း
တစည ကြံ/ဖွံ့
နဝတ အာဏာဒေါက်တိုင်များပြိုပုံ
အာဏာ

ကျနော်တို့ခေါင်းဆောင်များ သိကြသလိုပါပဲ။ နိုင်
ငံရေးအန်တုမှုဟာ အာဏာရှင်တွေရဲ့ ဩဇာအာဏာအ
ဆောက်အဦးကနေ ဒီဒေါက်တိုင်တွေကို ဆွဲယူဖယ်ရှားပစ်ဖို့
နည်းလမ်းတွေအများကြီးပေးနေပါတယ်။ ကျနော်တို့ တဲ
အိမ်ဆောက်ကြတဲ့အခါ အိမ်ကိုတိုင်လုပ်ဖို့ သစ်အမျိုးအ
စားအမှားကို ရွေးချယ်မိတဲ့အခါ 'ခြ'တွေက တိတ်တိတ်
ဆိတ်ဆိတ်နဲ့ တဖြေးဖြေးချင်း အိမ်ရဲ့ဒေါက်တိုင်တွေကို စား
ပစ်ကြပါလိမ့်မယ်။ အာဏာရှင်တွေရဲ့ ဒေါက်တိုင်တွေဟာ
လဲ ဒီဥပမာအတိုင်းပါပဲ။ သိပ်ပြီး ပြိုပျက်လွယ်ကြပါတယ်။
ပထမပိုင်းမှာတော့ ဒေါက်တိုင်တွေဟာ မသိလိုက်ရပဲ တ
ဖြေးဖြေးချိနဲ့လာပါတယ်။ ဒီနောက်ပိုင်းမှာတော့ သူတို့ဟာ
ဝန်အလေးကြီးရဲ့ဒဏ်ကို မခံနိုင်ကြတော့ပါဘူး။ နောက်ဆုံး
မှာတော့ ဒေါက်တိုင်တခုကနေတခု ယိမ်းထိုးအက်ကွဲပြီး ဘုံး
ဘုံးပြိုလဲ ကျရပါတော့တယ်။

သံဃာတွေနဲ့ လေးစားကြည်ညိုဖွယ် ဘာသာ
ရေးခေါင်းဆောင်တွေရဲ့ ပူးပေါင်းဆောင်ရွက်မှုမပါပဲ စစ်အာ
ဏာရှင်တွေဟာ တရားဝင်အုပ်ချုပ်ပိုင်ခွင့်ရှိဖို့ မဖြစ်နိုင်ပါ
ဘူး။ အကယ်၍ အလုပ်သမားအင်အားစုများက ထုတ်လုပ်
မှုနှုန်းတွေကို နှေးကွေးလိုက်ရင်၊ ကျွမ်းကျင်သူပညာရှင်များ

က သူတို့ပညာတွေကို ထိန်ချန်ထားလိုက်ရင် အာဏာရှင်တို့အဖို့ လူ့စွမ်းအင်လုပ်အားတွေမရရှိသာမက အာဏာရှင်စနစ်ကို ဆက်လက်ထိန်းသိမ်းဖို့ မလွယ်ပါဘူး။ စစ်တပ်ထဲမှာရှိနေတဲ့ ကျနော်တို့မိဘတွေ၊ ညီအစ်ကို မောင်နှမတွေ၊ သားသမီးတွေက ကျနော်တို့ရဲ့ မိသားစုတွေကို ဒုက္ခပေးဖို့ ကိစ္စတွေမှာ ပါဝင်ဆောင်ရွက်ဖို့ ငြင်းဆိုခဲ့ကြရင် အာဏာရှင်တွေက ကျနော်တို့ကို အရေးယူ အပြစ်မပေးနိုင်ကြတော့ပါဘူး။ ပြည်သူလူထုကြီးက အစိုးရအုပ်ချုပ်သူတွေကို ဆန့်ကျင်လာကြပြီး အမိန့်တွေကိုဖီဆန်လာကြတဲ့အခါ နောက်ဆုံးမှာ အာဏာရှင်စနစ်ဟာ ပြိုကျပျက်စီးရတော့မှာဖြစ်ပါတယ်။

ဒီအဖြစ်အပျက်တွေဟာ ပုံပြင်တွေ၊ ဒဏ္ဍာရီတွေမဟုတ်ပါဘူး။ ကျေးလက်တွေမှာလည်း ဒီသဘောတရားတွေကို ကျနော်တို့ နားလည်ကြပြီးသားပါ။ အစားအစာမရရင် ကျနော်တို့ ကျွဲနွားတိရိစ္ဆာန်တွေ သေမှာပါ။ ရေမရရင်၊ စပါးပျိုးခင်းတွေ ညှိုးခြောက်ပြီး သေကုန်မှာပါ။ ထင်းမရှိ၊ လောင်စာမရှိရင် မီးငြိမ်းပြီး ထမင်းမချက်နိုင်ပဲ နေမှာပါ။ ကျနော်တို့ဟာ ဒီလိုပဲ အာဏာရှင်တွေရဲ့ ဩဇာအာဏာ ရေသောက်မြစ်တွေကို ဖြတ်တောက်ပြစ်ကြရမယ်။

# နိုင်ငံရေးအန်တုမှုရဲ့ လက်နက်တွေက ဘာတွေလဲ။

နိုင်ငံရေးအန်တုမှုမှာ နည်းလမ်းများစွာ၊ လက်နက်များစွာ ရှိပါတယ်။ ဒီစာအုပ်ငယ်ရဲ့နောက်ပိုင်းမှာ နည်းလမ်းအချို့ကို စာရင်းပြုစု ဖော်ပြထားပါတယ်။ နိုင်ငံရေးအန်တုနည်းလမ်းများထဲမှာ အသိမ်မွေ့ဆုံးနည်းလမ်း "မိမိအမြင်ကို ရိုးသားစွာဖော်ထုတ်ပြသခြင်း" ကနေပြီး အဆင့်အမြင့်ဆုံး၊ အင်အားအကြီးဆုံး "နိုင်ငံရေးစနစ်ကြီးတခုလုံး" ကို ခြိမ်းခြောက်နိုင်တဲ့နည်းတွေအထိ ပါဝင်ပါတယ်။ အာဏာရှင်တွေရဲ့ အာဏာဒေါက်တိုင်တွေကို ဖယ်ရှားပစ်နိုင်ဖို့ ဒီနည်းလမ်းများရွေးချယ်တဲ့အခါမှာ အထူးဂရုစိုက် ရွေးချယ်ကြရပါမယ်။ အချို့နည်းလမ်းတွေဟာ တစုံတရာသော ထူးခြားတဲ့အခြေအနေနဲ့ပဲ လျော်ညီပါတယ်။ ကျနော်တို့ဟာ ကျနော်တို့ခေါင်းဆောင်တွေ ဂရုတစိုက်ရွေးချယ်ထားတဲ့ သင့်လျော်တဲ့နည်းတွေကို သုံးရမှာပါ။

အချို့သင်္ကေတတွေနဲ့ ပြသတဲ့နည်းလမ်းများစွာလည်းရှိပါတယ်။ ဒီနည်းလမ်းများဖြင့် ပြည်သူတွေဟာ အာဏာရှင်တွေရဲ့မူဝါဒများကို ဆန့်ကျင်ကြောင်း၊ အပြောင်းအလဲကိုလိုလားကြောင်း ပြသနိုင်ကြပါတယ်။ ဒီနည်းလမ်းတွေ

ထဲမှာ အသနားခံစာတင်ခြင်း၊ ဆိုင်းဘုတ်များတင်ခြင်း၊ တားမြစ်ထားသောအလံများလွှင့်ထူခြင်း၊ သင်္ကေတဆောင်သောအရောင်များ ဝတ်ဆင်ပြသခြင်း၊ ချီတက်ခြင်း၊ ဆန္ဒပြခြင်းများအထိ ပါဝင်ပါတယ်။ ရက်စက်တဲ့ စစ်အာဏာရှင်များလက်ထက်မှာတောင်မှ ဒီနည်းလမ်းများဖြင့် အာဏာရှင်အုပ်ချုပ်ရေးစနစ်ကို ဆန့်ကျင်နိုင်ကြပါတယ်။ ဆန့်ကျင်လှုပ်ရှားသူများအတွက်လည်း အန္တရာယ် အနည်းနှင့်အများမဆို ရှိတတ်ကြပါတယ်။ သို့သော်လည်း ဒီလိုသင်္ကေတသဘောဆောင်တဲ့ ဆန္ဒပြသခြင်းနည်းသက်သက်ဖြင့်တော့ အာဏာရှင်များနဲ့ လူထုများအကြား တည်ရှိနေတဲ့ အာဏာချိန်ခွင်ရှာအပြောင်းအလဲကို မဖြစ်ပေါ်စေနိုင်ပါဘူး။

နိုင်ငံရေးအန်တုမှု အခြားနည်းလမ်းများစွာရှိပါတယ်။ ဒါတွေကတော့ ပြည်သူများက အာဏာရှင်များနဲ့ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆန်တဲ့အခါ ဘာဖြစ်လာမလဲ။ ကျောင်းသားများနဲ့ သံဃာများက အာဏာရှင်တွေကို အမိန့်နာခံရန်ငြင်းဆန်ပြီး သူတို့ရဲ့လွတ်လပ်ခွင့်တွေကို တိုးတက်ကျင့်သုံးလာတဲ့အခါ ဘာဖြစ်လာမလဲ။ ကုန်ကားမောင်းသူများနဲ့ မီးရထားလုပ်သားများက အစိုးရနဲ့စစ်သားများ၊ စစ်

အသုံးအဆောင်များကို ပို့ပေးရန် ငြင်း ဆန်ကြတဲ့အခါ ဘာဖြစ်လာမလဲ။ လယ်သမားများက သူတို့ရဲ့စပါးများကို အစိုးရထံ အဓမ္မသတ်မှတ်တဲ့ဈေးနှုန်းနဲ့ ရောင်းချရန် ငြင်းဆန်ကြတဲ့အခါ ဘာဖြစ်လာမလဲ။ ရဲတွေက ဆန္ဒပြသူများနဲ့ ဒီမိုကရေစီမျိုးချစ်များကိုဖမ်းဆီးရန် ငြင်းဆန်ကြတဲ့အခါ ဘာဖြစ်လာမလဲ။ ကျောင်းဆရာများက အာဏာရှင်များရဲ့ ဝါဒဖြန့်ချိချက်တွေကို ကျောင်းတွေမှာသင်ကြားရန် ငြင်းဆန်ကြတဲ့အခါ ဘာဖြစ်လာမလဲ။ စစ်သားများက ဆန္ဒပြသူတွေကို မှန်အောင်မပစ်လိုတဲ့အတွက် ခေါင်းပေါ်ကျော်ပစ်တဲ့အခါ။ စစ်သားတွေက သူတို့ရဲ့အခွင့်အရေးများအတွက် ပုန်ကန်ကြတဲ့အခါ။ ဒါမှမဟုတ် အရပ်သားအဝတ်အစားများကို ဝတ်ဆင်ပြီး သူတို့ရဲ့အရာရှိများရဲ့ ချုပ်ကိုင်မှုအောက်က ကိုယ်ရောင်ဖျောက်ထွက်ပြေးတဲ့အခါ ဘာတွေဖြစ်လာမလဲ။ စစ်တပ်အရာရှိများက သူတို့စစ်သားတွေကို ပြည်သူတွေကို ရက်စက်စွာဖိနှိပ်ရန် အမိန့်ပေးတာတွေ မလုပ်တော့တဲ့အခါ ဘာဖြစ်လာမလဲ။ သတင်းစာဆရာများနဲ့ သတင်းကြေညာသူများက အာဏာရှင်များရဲ့အလိမ်အညာများကို ဝါဒဖြန့်ရန် ငြင်းဆန်ကြပြီး ၊ သတင်းမှန်များကိုဖြန့်ဝေကာ၊ လွတ်လပ်တဲ့စာသားအမြင်များ ဖော် ပြကြတဲ့အခါ ဘာဖြစ်လာ

မလဲ။ ရန်ကုန်ကအာဏာရှင်များက အမိန့်များကို ဆက်တိုက်ထုတ်ပြန်နေပြီး နိုင်ငံတခုလုံးမှာ လိုက်နာလုပ်ကိုင်ဆောင်ရွက်မှု မရှိတော့တဲ့အခါ ဘာဖြစ်လာမလဲ။ ဒါတွေကတော့ ကမ္ဘာပေါ်ရှိ နိုင်ငံတကာမှာဖြစ်ပွားခဲ့တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့မှာ မပူးပေါင်းမဆောင်ရွက်မှု၊ ဥပမာအချို့ပဲဖြစ်ကြပါတယ်။

အဲ့ဒါအပြင် အကြမ်းမဖက်ပဲ ဝင်ရောက်စွက်ဖက်တဲ့၊ ပိုမိုထိရောက်တဲ့နည်းလမ်းများစွာကိုလဲ အသုံးပြုနိုင်ပါသေးတယ်။ ဒီနည်းတွေကတော့ အစိုးရရုံးများ ပုံမှန်လုပ်ရှားဆောင်ရွက်နေခြင်းမှာ ကိုယ်ထိလက်ရောက် ဝင်ရောက်စွက်ဖက်ခြင်းပဲဖြစ်ပါတယ်။ ဒီနည်းများမှာ အစာငတ်ခံ ဆန္ဒပြခြင်း၊ ရုံးများကို ဝင်ရောက်သိမ်းပိုက်ခြင်း၊ လမ်းများပေါ်တွင် ထိုင်ချခြင်း၊ လွတ်လပ်သော လူမှုအဖွဲ့အစည်းများတည်ထောင်ခြင်း (ဥပမာအားဖြင့် ဈေးအသင်းများ၊ကျောင်းရှိအသင်းများ၊ နိုင်ငံရေးအဖွဲ့အစည်းများ၊ နောက်ဆုံး ယှဉ်ပြိုင်အစိုးရတည်ထောင်ခြင်း၊ အာဏာရှိအစိုးရကို အသိအမှတ်ပြုခြင်းများအထိပါ ဝင်ပါတယ်။) ဥပမာအားဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ တရားဝင်အစိုးရကို အသိအမှတ်ပြုလိုက်ခြင်းပဲ ဖြစ်ပါတယ်။

ဒီနည်းလမ်းများကို အင်အားအလုံအလောက် ရှိခြင်း၊ ကာလဒေသနှင့်အညီ မှန်ကန်စွာအသုံးပြုနိုင်ခြင်း၊ အကြမ်းမဖက်သောနည်းလမ်းများကို စည်းကမ်းတကျ အသုံးပြုခြင်း၊ တစုံတရာသောအတိုင်းအတာအထိ ရေရှည်ဆွဲထားနိုင်ခြင်း စသည်တို့ကို စနစ်တကျ ပေါင်းစပ်အသုံးပြုခြင်းအားဖြင့် ဒီနည်းလမ်းများဟာ အလွန်ထိရောက်သော၊ အလွန်အားကောင်းသော နည်းများဖြစ်ကြောင်း သိသာစေပါတယ်။ ဒီလို နိုင်ငံရေးအန်တုမှုနည်းလမ်းများကို အသုံးပြုလုပ်ရှားခြင်းအားဖြင့် လူထုများအဖို့ အာဏာရှင်များ၏ စစ်တပ်ထက် အင်အားသာလွန်လာပါလိမ့်မယ်။ လူထုများအဖို့ အကြမ်းမဖက်တိုက်နည်းများ၏ စည်းကမ်းကျနမှု၊ နည်းပရိယာယ် မဟာဗျူဟာများကို အသုံးပြုတိုက်ခိုက်နည်းကို ကောင်းကောင်းသိရှိပါက နိုင်ငံရေးအန်တုမှုနည်းလမ်းကို အသုံးပြုတိုက်ခိုက်နေတဲ့ ပြည်သူများအဖို့ ပိုမိုအကျိုးကျေးဇူး ရှိနိုင်ပါလိမ့်မယ်။

ဒီမိုကရေစီအတွက် နိုင်ငံရေးအန်တုမှုတိုက်ပွဲဟာ စတင်နှင့်ပြီးဖြစ်တယ်။ ကျနော်တို့ခေါင်းဆောင်များက နိုင်ငံရေးအန်တုမှုတိုက်ပွဲများအတွက် စနစ်တကျ အစီအစဉ်များ ကြိုစည်ရေးဆွဲထားကြပြီးဖြစ်တယ်။ ကျနော်တို့ဟာ

မည့်ကြပါဘူး။ အာဏာရှင်တွေကိုဖြိုချဖို့ဆိုရင် လိမ္မာပါးနပ်စွာ ပြုလုပ်ကြရပါလိမ့်မယ်။ ကျနော်တို့အင်အားချိန့် နေစဉ်ကာလမှာ စိတ်ကူးယဉ်ပြီး ဖြိုလှဲပစ်ဖို့ကြိုးစားခဲ့ရင် ရှုံးနိမ့်ရပါလိမ့်မယ်။ ယခင်ကထက်ပိုတဲ့ ကြောက်ရွံ့အားငယ်စိတ်မျိုး ထပ်ဖြစ်ကြပါလိမ့်မယ်။ ဒါကြောင့် ကျနော်တို့ဟာ နိုင်ငံရေး အန်တုမှုအကြောင်းကို တတ်နိုင်သမျှ များများလေ့လာပြီး တိုက်ပွဲရဲ့အဆင့်တိုင်းမှာ စနစ်တကျ စီမံကိန်းရေးဆွဲပြီး လုပ်သွားကြဖို့လိုပါတယ်။ ကျနော်တို့မှာ အာဏာရှင်ပြိုကျစေနိုင်လောက်တဲ့အင်အားတွေ ရှိလာအောင်လုပ်ရမှာပါ။ ဒါမှသာ အာဏာရှင်တွေဟာ ပြိုကျပျက်စီး ကုန်ပါလိမ့်မယ်။

## အာဏာရှင်တွေက ဘယ်လိုတုန့်ပြန်ကြမလဲ။

အာဏာရှင်တွေဟာ သူတို့ကျရှုံးမှာကိုမလိုလားကြပါဘူး။ ဒါကြောင့်လည်း သူတို့ရဲ့ သတင်းစာ၊ ရုပ်မြင်သံကြားကနေပြီး နိုင်ငံရေးအန်တုမှုကို အကြိမ်ကြိမ် ပုတ်ခတ်တိုက်ခိုက်ခဲ့ကြတာဖြစ်ပါတယ်။ သူတို့ကကျနော်တို့ကို နိုင်ငံရေးအန်တုမှုဆိုတာ နိုင်ငံကိုဖရိုဖရဲဖြစ်စေပြီး နိုင်ငံခြားသား

တွေရဲ့ သွေးထိုးမှုအဖြစ် ယုံကြည်စေချင်ကြပါတယ်။ သူတို့ မှားယွင်းနေတာကို သူတို့သိကြပါတယ်။ နိုင်ငံရေးအန်တုမှုတိုက်ပွဲဆိုတာ မြန်မာပြည်သူတွေကပဲ ပိုင်ဆိုင်ပါတယ်။ အာဏာရှင်တွေဟာ ဒီတိုက်ပွဲပုံသဏ္ဍာန်တွေကို ချေမှုန်းမှာ မလွဲပါ။ ဖမ်းကြမယ်၊ နှိပ်စက်ကြမယ်၊ ရိုက်ပုတ်ကြမယ်၊ ထောင်ချမယ်၊ သတ်ဖြတ်မယ်၊ နောက်ပိတ်ဆုံး အစုလိုက် အပြုံလိုက် သတ်ဖြတ်နိုင်ပါသေးတယ်။ သို့ပေမယ့်လည်း ကျနော်တို့က အလုံးအရင်းနဲ့ ပြည်တွင်းစစ်ကြီးဆင်နွှဲတာထက် စာရင် ထိခိုက်ကျဆုံးမှုဟာ အများကြီး နည်းပါးလိမ့်မယ်ဆိုတာ သေချာပါတယ်။ ကျနော်တို့ သတိကြီးစွာထားကြရပါလိမ့်မယ်။ လျှို့ဝှက်ကြရပါလိမ့်မယ်။ လိမ္မာပါးနပ်ကြရပါလိမ့်မယ်။ သတ္တိလည်းရှိကြရပါလိမ့်မယ်။ သမိုင်းက ကျနော်တို့ကို အမှတ်ရနေပါလိမ့်မယ်။ ကျနော်တို့ရဲ့ လုပ်ဆောင်ချက်တွေကြောင့် ကျနော်တို့ရဲ့ခလေးငယ်တွေဟာ လွတ်လပ်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်မှာ ပျော်ရွှင်စွာ နေထိုင်ကြရပါလိမ့်မယ်။

# ကျနော်တို့ရဲ့ကြောက်ရွံ့စိတ်တွေကို ဘယ်လိုလုပ်ကြမလဲ။

ကြောက်စိတ်ကို နားလည်နိုင်ကြပါတယ်။ ကြောက်စိတ်ဆိုတာ အန္တရာယ်နဲ့ရင်ဆိုင်လာရတဲ့အခါ သဘာဝအလျောက် တုန့်ပြန်မှုတခုပဲဖြစ်ပါတယ်။ ကျနော်တို့ မြန်မာပြည်သူများဟာ အာဏာရှင်များရဲ့ရက်စက်မှုအောက်မှာ ကြောက်ရွံ့ပြီး နေလာခဲ့ကြရပါတယ်။ ကြောက်ရွံ့စိတ်ရှိတာဟာ ရှက်စရာမဟုတ်ပါ။ ကျနော်တို့ရဲ့ သားတွေ၊ သမီးတွေ၊ လင်သားတွေ၊ ဇနီးမယားတွေ၊ ဖခင်တွေ၊ မိခင်တွေ ဘယ်လောက်သေဆုံးခဲ့ကြပြီလဲ။ ဒါပေမယ့် ကျနော်တို့နားလည်ထားရမှာက အာဏာရှင်တွေဟာ တမင်သက်သက် အကြောက်တရားအားဖြင့်အုပ်စိုးပြီး ကျနော်တို့ကို အစဉ်သဖြင့် ကြောက်ရွံ့ ကျိုးနွံနေစေချင်တာဖြစ်ပါတယ်။ အကြောက်တရားဟာ အာဏာရှင်တွေရဲ့ လက်စွဲ လက်နက်တခုဖြစ်ပါတယ်။ ကျနော်တို့ရဲ့ဘဝတွေကို တိုးတက်ပြောင်းလဲစေချင်ရင် ဒီကြောက်ရွံ့မှုတွေရဲ့သြဇာကို ကျော်လွှားနိုင်ဖို့ ကျနော်တို့ လေ့လာကြရပါလိမ့်မယ်။ စစ်

သားတွေဟာ သူတို့ရဲ့အကြောက်တရားကို ထိန်းသိမ်းနိုင်ဖို့ လေ့ကျင့်ကြရသလို ကျနော်တို့လဲ အဆင့်ဆင့်လေ့ကျင့်ယူနိုင်ကြပါတယ်။ ကျနော်တို့ဟာ အာဏာရှင်တွေက တုန့်ပြန်လာနိုင်မှုကို ကြိုတင်တွက်ဆပြီး အလစ်အငိုက်မခံရရေးအတွက် ကျနော်တို့အတွင်းမှာ ကြိုတင်ဆွေးနွေးထားကြရင် သက်သာနိုင်ပါတယ်။ ထူးခြားတဲ့အခြေအနေတရပ်မှာ ကျနော်တို့ ဘာလုပ်ရမယ်ဆိုတာ ကြိုတင်သိထားရင် သက်သာပါတယ်။ ရဲသားများနဲ့ စစ်သားများကို မလိုလားအပ်တဲ့ တိုက်ခိုက်ပုတ်ခတ်ခြင်းတွေ ရှောင်ကျဉ်ရပါလိမ့်မယ်။ ကျနော်တို့ရဲ့နည်းလမ်းများကို လိမ္မာပါးနပ်စွာ ရွေးချယ်ကြရပါလိမ့်မယ်။ အန္တရာယ်နည်းပါးတဲ့ စွန့်စားမှုလုပ်ငန်းများကို ရွေးချယ်နိုင်ကြပါတယ်။ ကျနော်တို့ဟာ အာဏာရှင်တွေကို အာဏာဆက်လက်တည်မြဲနေခွင့်ပေးထားရင် နောက်ထပ် ကျနော်တို့ပြည်သူတွေ အများကြီးထိခိုက်သေကြေရမယ်ဆိုတာ ကျနော်တို့ နားလည်ရပါလိမ့်မယ်။ နိုင်ငံရေးအန်တုမှုတိုက်ပွဲအားဖြင့် အကြမ်းဖက်ပုန်ကန်မှုထက် အထိခိုက်နည်းနိုင်တယ်ဆိုတာကို ကျနော်တို့ အသိအမှတ်ပြုကြရပါမယ်။ နိုင်ငံရေးအန်တုမှုနည်းလမ်းများဖြင့် အခြားနိုင်ငံများမှာ ရက်စက်တဲ့အာဏာရှင်များစွာကို အောင်မြင်ခဲ့ကြတာ

ကျနော်တို့ အမှတ်ရကြနိုင်ပါတယ်။ ကျနော်တို့ အောင်ပွဲရတဲ့အချိန်ကြမှ အထိအခိုက်နည်းခဲ့တာကို သဘောပေါက်ကြရပါလိမ့်မယ်။ ကျနော်တို့နိုင်ငံရဲ့ ဒီမိုကရေစီရေး၊ တိုင်းရင်းသားအရေးတွေဟာ မှန်မြတ်တဲ့အရေးတွေဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ သတ္တိရှိပြီး တည်ကြည်မိုင်မာတဲ့ ခေါင်းဆောင်လည်းဖြစ်ပါတယ်။ သူဟာ ကျနော်တို့ပြည်သူတွေကိုချစ်တယ်။ ကျနော်တို့အရေးအတွက် ထောက်ခံရကျိုးလဲနပ်ပါတယ်။ ကျနော်တို့ တခါတရံ ကြောက်ရွံ့ကြတာကို ဝန်ခံနိုင်ပါတယ်။ ဒါပေမယ့် အကြောက်တရားကိုတွန်းလှန်ပြီး သူနဲ့အတူရပ်တည်ဖို့ လိုပါတယ်။ "အကြောက်တရားမှကင်းဝေးခြင်းအားဖြင့်" အာဏာရှင်စနစ် အဆုံးသတ်ရေးနဲ့ ဖယ်ဒရယ်ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရေးမှာ များစွာအကျိုးရှိစေနိုင်ပါတယ်။ ကျနော်တို့ လုပ်နိုင်ကြပါတယ်။

## အကြမ်းဖက်တော်လှန်ရေးတရပ်လဲ မလိုအပ်ဘူးလား။

နိုင်ငံရေးအန်တုမှုတိုက်ပွဲမှာ အောင်မြင်ရန်အ

တွက် အကြမ်းဖက်မှုမလိုအပ်ပါ။ လက်တွေ့တွင် အကြမ်းဖက်မှုလုပ်ရပ်များကြောင့် အကြမ်းမဖက်တိုက်ပွဲ၏ရလာဒ်ကို အားနည်းစေပြီး ဆိုးကျိုးများဖြစ်ပေါ်လာနိုင်ပါတယ်။ တခါက ဂန္ဒီပြောဖူးပါတယ်။ ဗြိတိသျှအစိုးရရဲ့ အကြမ်းဖက်မှုလုပ်ရပ်များကို တုန့်ပြန်လက်စားခြေဖို့ လိုမလိုနဲ့ပတ်သက်ပြီး "ကျနော်တို့ဟာ မျက်လုံးတလုံးအတွက် မျက်လုံးတလုံး၊ သွားတချောင်းအတွက် သွားတချောင်း မူကိုလိုက်နာခဲ့ကြလို့ရှိရင် ကျနော်တို့အားလုံးဟာ မျက်စိတွေကန်းပြီး၊ သွားလည်း တချောင်းမှ ကျန်မှာမဟုတ်တော့ပါဘူး" ကျနော်တို့ဟာ ကျနော်တို့နိုင်ငံမှာဖြစ်ပေါ်နေတဲ့ အကြမ်းဖက်မှုသံသရာကို ရိုက်ဖျက်ချိုးဖို့ ဖြစ်ပါတယ်။ ဒီသံသရာရေစီးကြောင်းအတိုင်းသွားနေဖို့ မဟုတ်ပါ။

ကျနော်တို့ တခုသတိရကြရမှာက ယနေ့ကာလမှာ အာဏာရှင်တွေလက်ထဲမှာ စစ်အင်အား အဆမတန်သာလွန်မှုရှိတယ်။ ကျနော်တို့ လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲဖို့ကြိုးစားခဲ့ရင် အာဏာရှင်တွေမှာ အကျိုးအမြတ်ရှိမှာမလွဲပါ။ သူတို့ဟာ ကျနော်တို့ကို ချေမှုန်းပစ်မှာ သေချာပါတယ်။

အာဏာရှင်တွေဟာ ကျနော်တို့ကို အကြမ်း

ဖက်မှုတွေကျူးလွန်ဖို့ အမှန်ပဲလိုလားကြပါတယ်။ ဘာ ကြောင့်လဲဆိုတော့ ဤအကြမ်းဖက်မှုတွေကိုအကြောင်းပြု ပြီး ကျနော်တို့ကို ရှုံ့ချနိုင်ပါတယ်။ ကျနော်တို့ရဲ့ ဒီမိုကရစီ ရေးအတွက် ပြည်တွင်းနဲ့နိုင်ငံတကာက ထောက်ခံမှုတွေ လျော့ကျသွားစေနိုင်ပါတယ်။ ဒ့ါအပြင် အာဏာရှင်တွေရဲ့ အကြမ်းဖက်နှိပ်ကွပ်မှုအတွက်လည်း ဆင်ခြေကောင်းတွေရ စေနိုင်ပါတယ်။ ၁၉၈၈ အကြမ်းမဖက်တဲ့ အုံကြွတောင်းဆိုမှု ကြီးကို ပြန်အမှတ်ရနိုင်ပါတယ်။ အများစုကြီးက အကြမ်းမ ဖက်လုပ်ရှားခဲ့ကြပေမယ့် အနည်းစုကလေးရဲ့အကြမ်းဖက်မှု ကိုအကြောင်းပြုပြီး စစ်အာဏာရှင်တွေက ထောင်ပေါင်း များစွာသော အပြစ်မဲ့ပြည်သူလူထုကြီးကို သတ်ဖြတ်ခဲ့ပါ တယ်။ စစ်အာဏာရှင်တွေက နိုင်ငံတကာကို "တရားဥပ ဒေပြန်လည်စိုးမိုးရန်လိုအပ်ကြောင်း" ပြောပြကြပါတယ်။ (ဒီအကြောင်းပြချက်အတွက်ပဲ ကျနော်တို့ရဲ့ သားသမီးများ ကို ပစ်သတ်ခဲ့ကြပါတယ် )။

ကျနော်တို့ သတိရကြရမှာက အာဏာရှင်တွေ ဟာ သူတို့ရဲ့သူလျှိုဒလန်တွေကို ကျနော်တို့အတွင်းမှာမြှုပ် နှံပြီး အကြမ်းဖက်မှုလုပ်ရပ်များကို ရောထွေးလာစေမှာဖြစ် ပါတယ်။ ဒီအခါမှာ အာဏာရှင်များက လက်ဦးမှုကို အခွင့်

ကောင်းယူပြီး ကျနော်တို့ကို ပစ်ခတ်နှိမ်နင်းနိုင်ပါတယ်။ ဒါ
ဟာ ဒီမိုကရေစီအင်အားစုများကို နောက်ထပ် နှစ်ပေါင်းများ
စွာ ပေါ်မလာစေရေး၊ နောက်တကြိမ် သတ်ဖြတ်ချေမှုန်းနိုင်
စေရေးအတွက် အကြောင်းပြချက်ကောင်းတခုရဖို့ ထောင်
ချောက်တခုပဲဖြစ်ပါတယ်။ ကျနော်တို့ဟာ အကြမ်းဖက်မှု
ကိုအသုံးပြုဖို့ လှုံ့ဆော်လာမှုတွေကို ပြင်းပြင်းထန်ထန် ဆန့်
ကျင်ရပါလိမ့်မယ်။ ကျနော်တို့ရဲ့ ဒေါသတွေကို ထိန်းချုပ်ရ
ပါလိမ့်မယ်။ ကျနော်တို့ အကြမ်းမဖက်တဲ့ နိုင်ငံရေးအန်တု
မှုနည်းလမ်းများအပေါ်မှာပဲ စွဲစွဲမြဲမြဲ ရပ်တည်ကြရပါလိမ့်
မယ်။ ဒီနည်းအားဖြင့်သာ ကျနော်တို့ရဲ့ လှုပ်ရှားသူအရေ
အတွက်အင်အားကို ကြီးထွားစေပါလိမ့်မယ်။ နိုင်ငံတကာ
ရဲ့ အကျယ်အပြန့်ထောက်ခံမှုကို ရရှိစေပါလိမ့်မယ်။ ဒီနည်း
တွေဟာ ဒေါ်အောင်ဆန်းစုကြည်က ကျနော်တို့ကိုလှုပ်ရှား
ဖို့ တောင်းဆိုနေတဲ့ နည်းလမ်းများလဲဖြစ်ပါတယ်။

## စစ်တပ်ကိုရော ဘယ်လိုလုပ်မလဲ။

ပုံမှန်တွေးခေါ်ပုံနည်းလမ်းအားဖြင့် စစ်တပ်တခု
နဲ့ရင်ဆိုင်ရာမှာ စစ်လက်နက်ပစ္စည်းများသုံးပြီး တိုက်ခိုက်

ကြဖို့ နည်းလမ်းသာရှိပါတယ်။ ဒါဟာ ကျနော်တို့တော်လှန်ရေးမှာ မမှန်ပါဘူး။ ပထမအားဖြင့် မြန်မာပြည်ဒီမိုကရေစီလှုပ်ရှားသူတွေကို ကြီးမား၊ အင်အားကောင်း၊ လက်နက်အပြည့်အစုံရှိတဲ့ စစ်တပ်တခုနဲ့တွေ့ဖို့၊ တိုက်ပွဲထဲထည့်ပေးဖို့ရာ မဖြစ်နိုင်ပါဘူး။ ဒုတိယအားဖြင့် ဒီလိုတိုက်ခိုက်ခဲ့ရင်တောင်မှ ပြည်တွင်းစစ်ကြီးဟာ မြန်မာပြည်ဒေသအများအပြားကို ဖျက်ဆီးပစ်ပြီး လူတွေ ရာ,ထောင်နဲ့ ချီသေစေမှာဖြစ်ပါတယ်။ ကျနော်တို့ ဒီလိုမဖြစ်လိုကြပါဘူး။ တတိယအားဖြင့် ကျနော်တို့ဟာ အာဏာရှင်တွေရဲ့ စစ်တပ်ကို ပိုပြီး ထိထိရောက်ရောက်ချေမှုန်းနိုင်မယ့် အခြားနည်းလမ်းတခုရှိလို့ပဲ ဖြစ်ပါတယ်။ ဒါကတော့ နိုင်ငံရေးအန်တုမှုပါပဲ။

အကျယ်အပြန့် အကြမ်းမဖက်ပဲ မပူးပေါင်းမဆောင်ရွက်မှုတွေ ပြည်သူတွေကလုပ်လာကြတဲ့အခါ စစ်တပ်နည်းအားဖြင့် ချေမှုန်းဖို့ သိပ်ခက်ခဲပါတယ်။ ကျနော်တို့အကြမ်းမဖက်သမျှကာလပါတ်လုံး အာဏာရှင်တွေရဲ့ကျနော်တို့အပေါ်အကြမ်းဖက်မှုဟာ သူတို့အဖို့ ဆိုးဝါးတဲ့အကျိုးဆက်တွေပဲ သူတို့အပေါ် သက်ရောက်စေပါတယ်။ ပြည်တွင်းနဲ့နိုင်ငံတကာက လူထုတွေဟာ အာဏာရှင်တွေရဲ့ပြောင်ကျကျရက်စက်မှုကိုမြင်ရတဲ့အခါ သူတို့ကိုထောက်

ခံသူ ရှိတော့မှာမဟုတ်ပါဘူး။ လူထုအများစုကြီးက ဒီမိုက
ရေစီလှုပ်ရှားမှုကြီးကို ထောက်ခံလာကြပါမယ်။ အာဏာ
ရှင်တွေရဲ့စစ်တပ်ဟာ ပြဿနာပေါင်းစုံနဲ့ ကြုံရပါလိမ့်မယ်။
စစ်တပ်အတွင်းက သာမန်တပ်သားငယ်တွေဟာ စိတ်ဓါတ်
ရေးရာ ထိခိုက်လာပါလိမ့်မယ်။ အလွန်အကျူးဖြစ်လာတဲ့
အခါ သည်းမခံနိုင်တော့တဲ့အထိ ဖြစ်လာပါလိမ့်မယ်။ အမိန့်
တွေကိုဆောင်ရွက်ဖို့ တုန့်နှေးလာပါလိမ့်မယ်။ နောက်ဆုံး
ထွက်ပြေးခြင်း၊ ပုန်ကန်ခြင်းများ ဖြစ်လာပါလိမ့်မယ်။
ပုံမှန်အားဖြင့် စစ်သားတယောက်ဟာ စစ်ဗိုလ်
တယောက်ရဲ့အမိန့်ကို နာခံရပါတယ်။ အကြောင်းကတော့
နာခံဖို့ဝတ္တရားရှိတယ်လို့ ယူဆလို့ပဲဖြစ်ပါတယ်။ ဒါပေမယ့်
တရားမဝင်တဲ့ (သို့မဟုတ်) တရားဝင်မှုလုံးဝမရှိတဲ့ အာ
ဏာရှင်တစုရဲ့ ပေးလာတဲ့အမိန့်များကို နာခံဖို့ တာဝန်မရှိ
ကြပါဘူး။ စစ်သားတဦးဟာ ငြိမ်းချမ်းစွာဆန္ဒပြနေတဲ့ ကျောင်း
သား၊ သံဃာ၊ အလုပ်သမား၊ လယ်သမား၊ အာဏာရှင်
များနဲ့ သဘောမတူတဲ့ အခြားသောပြည်သူများကို ပစ်
သတ်ဖို့ တာဝန်မရှိကြပါဘူး။ နေဝင်းနဲ့နောက်လိုက်များဟာ
ဗမာ့တပ်မတော်ကို အရှက်ရစေခဲ့တယ်။ ဗိုလ်ချုပ်အောင်
ဆန်းတည်ထောင်ခဲ့တဲ့ တပ်မတော်ရဲ့ဂုဏ်သိက္ခာကိုလဲ ညှိုး

နှမ်းစေခဲ့တယ်။ အာဏာရှင်တွေဟာ သူတို့ရဲ့သားကျွေးမှု၊ မယားကျွေးမှုအတွက် ငွေလိုအပ်နေကြတဲ့သူတွေကို တပ်ထဲဝင်စေခဲ့တယ်။ ဒီလိုနဲ့ ဆန္ဒအလျောက်တပ်ထဲဝင်သူများ အလုံအလောက် မရတော့တဲ့အခါ လူငယ်လူရွယ်တွေနဲ့ နောက်ဆုံး လူမမယ်အရွယ်များကိုပါ အဓမ္မစစ်သားစု ဆောင်းကြတော့တယ်။ အာဏာရှင်တွေဟာ ဒီလိုလူငယ်လေး တွေကို ပြည်သူလူထုအပေါ် ရက်စက်ကြမ်းကြုတ်တဲ့ စစ်သားများဖြစ်အောင် အသွင်ပြောင်းခဲ့ကြတယ်။

လူထုရဲ့ ပေးအပ်ထားတဲ့အာဏာကို အလွဲသုံးစားပြုလုပ်ဖို့၊ စစ်အာဏာရှင်တွေအောက်မှာ မြန်မာ့တပ်မတော်အနေနဲ့ တရားမဝင်တဲ့ အမိန့်အာဏာများကို လိုက်နာထမ်းဆောင်ဖို့ မလိုအပ်တော့ပါဘူး။ ကျနော်တို့ဟာ စစ်တပ်အချင်းချင်းတိုက်ပွဲဖြစ်ပြီး ပြည်တွင်းစစ်အသစ်တခု ဖန်တီးမှာလည်းမလိုလားဘူး။ ဒါဟာ ကျနော်တို့လိုတဲ့ အဖြေမဟုတ်ဘူး။ ဒါမှမဟုတ် စစ်တပ်ထဲကအရာရှိတချို့က အာဏာသိမ်းယူပြီး စစ်တပ်က အုပ်ချုပ်ရေးကိုထူထောင်မှာလည်း မလိုလားပါဘူး။ ဒါဟာ အာဏာရှင်အသစ်တရပ်ပဲ ဖြစ်နေမှာပါ။

ကျနော်တို့လိုလားတာက စစ်သားတွေနဲ့ စစ်

## ပြည်သူတို့၏ လွတ်မြောက်လမ်း

...ဘဝတူပြည်သူလူထုအပေါ် သတ်ဖြတ်တာ၊
...တာ၊ မုဒိန်းကျင့်တာတွေကို ရပ်ဆိုင်းလိုက်ဖို့ပါပဲ။
...တို့ သိနားလည်စေချင်တာက ဒီမိုကရေစီဆိုတာ
...ည်စစ်သွေးရှိတဲ့ တပ်မတော်သားများအတွက် အန္တရာယ်
တခုမဟုတ်ဘူးဆိုတာပါပဲ။ ဒါ့အပြင် ဒီမိုကရေစီခေတ်ကာ
လမှာတောင် သေချာလေ့ကျင့်ထားတဲ့၊ အရည်အသွေး
ကောင်းမွန်တဲ့ တပ်မတော်တရပ်လိုအပ်ပြီး စစ်သားစစ်ပိုလ်
တွေကို လူထုကလေးစားကြတာပါပဲ။ ကျနော်တို့က မြန်မာ့
တပ်မတော်ကို စစ်တန်းလျားတွေဆီ ပြန်ပို့စေချင်ကြပါတယ်။
တပ်မတော်အနေနဲ့ မြန်မာပြည်သူလူထုက တရားဝင်ရွေး...
ကောက်တင်မြှောက်ထားတဲ့အစိုးရကိုသာ အလုပ်အကျွေး...
ပြုစေလိုကြပါတယ်။ ဒါကတော့ အမျိုးသားဒီမိုကရေစီ...
ချုပ်ရဲ့ အစိုးရအဖွဲ့ပါပဲ။ မြန်မာ့တပ်မတော်မှာ ထွန်း...
သမိုင်းရှိခဲ့ပါတယ်။ စစ်အာဏာရှင်တွေကြော...
သိက္ခာကို မညှိုးစေလိုကြပါဘူး။ စစ်ပိုလ်စစ်သ...
အာဏာရှင်တွေက စစ်တပ်ကို ပိုမိုသိက္ခာကျ...
နေမှု ရပ်တန်းကရပ်အောင် ပြုလုပ်သင့်ပြီး ပြ...
အကြမ်းဖက်ဖိနှိပ်မှုတွေမှာ ပူးပေါင်းဆော...
လည်း ငြင်းဆန်သင့်နေပါပြီ။

# ပြည်သူတို့၏ လွတ်မြောက်လမ်း

## နိုင်ငံရေးအန်တုမှုတိုက်ပွဲမှာ ပြည်သူအများ ပူး... ဆောင်ရွက်လာကြအောင် ဘယ်လိုလုပ်ရမလဲ။

ကျနော်တို့ဟာ အခြေခံကျတဲ့ စည်းကမ်းတွေနဲ့ အဆင့်ငယ်များစွာကနေ စတင်ဖြတ်သန်းရမှာ ဖြစ်ပါတယ်။ ...မြန်မာပြည်ဟာကျနော်တို့နိုင်ငံပါ။ ဘိုးဘွားအမွေအနှစ်အရ ...ပိုင်ဆိုင်ခဲ့ကြပြီး သားစဉ်မြေးဆက် ကျနော်တို့ ဆက်လက် ...ပိုင်ဆိုင်ကြရမှာဖြစ်ပါတယ်။ အာဏာရှင်တွေပိုင်ဆိုင်တဲ့ နိုင်ငံ ...မဟုတ်ပါဘူး။ ကျနော်တို့နိုင်ငံကို အာဏာရှင်တွေလက်က ...ပြန်လုယူရပါမယ်။ ကျနော်တို့ကိုယ်ကျနော်တို့ တန်ဖိုးထား ...ကြရပါလိမ့်မယ်။ ဒီမိုကရေစီအရေးအတွက် ပုံအပ်ထားတဲ့ ...နော်တို့ရဲ့စွမ်းအားတွေကို ယုံကြည်ကြရပါလိမ့်မယ်။ ဒီမို ...ရစီတိုက်ပွဲဟာ များစွာအန္တရာယ်ရှိကြောင်း ကျနော်တို့ ...း ကြပါတယ်။ သို့ပေမယ့် ကျနော်တို့မိသားစုတွေအ ...ပိုမိုကောင်းမွန်စွာ နေထိုင်ရမယ့်ဘဝ၊ ရရှိလာမယ့် ...လာဘ်ဟာ ပိုကြီးမားပါတယ်။ အကြောင်းတရားကို ...ပြီး၊ စနစ်တကျ ဉာဏ်ရည်ကိုအသုံးချပြီး မလို ...ဖိနှိပ်မှုလာမှုတွေကို ရှောင်ရှားကြရပါလိမ့်မယ်။ ... အစွမ်းအစမဲ့ဖြစ်နေတာဟာ ယာယီပါပဲ။ ကျ

ပိုလ်တွေဟာ ဘဝတူပြည်သူလူထုအပေါ် သတ်ဖြတ်တာ၊
လုယက်တာ၊ မုဒိန်းကျင့်တာတွေကို ရပ်ဆိုင်းလိုက်ဖို့ပါပဲ။
ကျနော်တို့ သိနားလည်စေချင်တာက ဒီမိုကရေစီဆိုတာ
စစ်ရည်စစ်သွေးရှိတဲ့ တပ်မတော်သားများအတွက် အန္တရာယ်
တခုမဟုတ်ဘူးဆိုတာပါပဲ။ ဒါ့အပြင် ဒီမိုကရေစီခေတ်ကာ
လမှာတောင် သေချာလေ့ကျင့်ထားတဲ့၊ အရည်အသွေး
ကောင်းမွန်တဲ့ တပ်မတော်တရပ်လိုအပ်ပြီး စစ်သားစစ်ပိုလ်
တွေကို လူထုကလေးစားကြတာပါပဲ။ ကျနော်တို့က မြန်
တပ်မတော်ကို စစ်တန်းလျားတွေဆီ ပြန်စေချင်ကြပါတ
တပ်မတော်အနေနဲ့ မြန်မာပြည်သူလူထုက တရားဝ
ကောက်တင်မြှောက်ထားတဲ့အစိုးရကိုသာ အလုပ်
ပြုစေလိုကြပါတယ်။ ဒါကတော့ အမျိုးသားဒီမိုက
ချုပ်ရဲ့ အစိုးရအဖွဲ့ပါပဲ။ မြန်မာ့တပ်မတော်မှာ
သမိုင်းရှိခဲ့ပါတယ်။ စစ်အာဏာရှင်တွေ
သိက္ခာကို မညှိုးစေလိုကြပါဘူး။ စစ်ပိုလ်သိက္ခာ
အာဏာရှင်တွေက စစ်တပ်ကို ပိုမိုသင့်ပြ
နေမှ ရပ်တန်းကရပ်အောင် ပြုလုပ်သင့်ပြီ
အကြမ်းဖက်ဖိနှိပ်မှုတွေမှာ ပူးပေါင်း
လည်း ငြင်းဆန်သင့်နေပါပြီ။

## နိုင်ငံရေးအံတုမှုတိုက်ပွဲမှာ ပြည်သူအများ ပူးပေါင်း ဆောင်ရွက်လာကြအောင် ဘယ်လိုလုပ်ရမလဲ။

ကျွန်တော်တို့ဟာ အခြေခံကျတဲ့ စည်းကမ်းတွေနဲ့
အဆင့်ငယ်များစွာကနေ စတင်ဖြတ်သန်းရမှာ ဖြစ်ပါတယ်။
မြန်မာပြည်ဟာကျွန်တော်တို့နိုင်ငံပါ။ ဘိုးဘွားအမွေအနှစ်အရ
ပိုင်ဆိုင်ခဲ့ကြပြီး သားစဉ်မြေးဆက် ကျွန်တော်တို့ ဆက်လက်
ပိုင်ဆိုင်ကြရမှာဖြစ်ပါတယ်။ အာဏာရှင်တွေပိုင်ဆိုင်တဲ့ နိုင်ငံ
ဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံကို အာဏာရှင်တွေလက်က
လုယူရပါမယ်။ ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ တန်ဖိုးထား
ပါလိမ့်မယ်။ ဒီမိုကရေစီအရေးအတွက် ပုံအပ်ထားတဲ့
တို့ရဲ့ စွမ်းအားတွေကို ယုံကြည်ကြရပါလိမ့်မယ်။ ဒီမို
က်ပွဲဟာ များစွာအန္တရာယ်ရှိကြောင်း ကျွန်တော်တို့
ပါတယ်။ သို့ပေမယ့် ကျွန်တော်တို့မိသားစုတွေအ
ကောင်းမွန်စွာ နေထိုင်ရမယ့်ဘဝ၊ ရှိလာမယ်
ဟာ ပိုကြီးမားပါတယ်။ အကြောက်တရားကို
စနစ်တကျ ဉာဏ်ရည်ကိုအသုံးချပြီး မလို
လာမှုတွေကို ရှောင်ရှားကြရပါလိမ့်မယ်။
မ်းအစမဲ့ဖြစ်နေတာဟာ ယာယီပါပဲ။ ကျ

ဗိုလ်တွေဟာ ဘဝတူပြည်သူလူထုအပေါ် သတ်ဖြတ်တာ၊ လုယက်တာ၊ မုဒိန်းကျင့်တာတွေကို ရပ်ဆိုင်းလိုက်ဖို့ပါပဲ။ ကျနော်တို့ သိနားလည်စေချင်တာက ဒီမိုကရေစီဆိုတာ စစ်ရည်စစ်သွေးရှိတဲ့ တပ်မတော်သားများအတွက် အန္တရာယ် တခုမဟုတ်ဘူးဆိုတာပါပဲ။ ဒ့ါအပြင် ဒီမိုကရေစီခေတ်ကာလမှာတောင် သေချာလေ့ကျင့်ထားတဲ့၊ အရည်အသွေးကောင်းမွန်တဲ့ တပ်မတော်တရပ်လိုအပ်ပြီး စစ်သားစစ်ဗိုလ်တွေကို လူထုကလေးစားကြတာပါပဲ။ ကျနော်တို့က မြန်မာ့တပ်မတော်ကို စစ်တန်းလျားတွေဆီ ပြန်စေချင်ကြပါတယ်။ တပ်မတော်အနေနဲ့ မြန်မာပြည်သူလူထုက တရားဝင်ရွေးကောက်တင်မြှောက်ထားတဲ့အစိုးရကိုသာ အလုပ်အကျွေးပြုစေလိုကြပါတယ်။ ဒါကတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အစိုးရအဖွဲ့ပါပဲ။ မြန်မာ့တပ်မတော်မှာ ထွန်းပြောင်တဲ့ သမိုင်းရှိခဲ့ပါတယ်။ စစ်အာဏာရှင်တွေကြောင့် ဒီဂုဏ်သိက္ခာကို မညှိုးစေလိုကြပါဘူး။ စစ်ဗိုလ်စစ်သားတွေဟာ အာဏာရှင်တွေက စစ်တပ်ကို ပိုမိုသိက္ခာကျအောင် ပြုလုပ်နေမှု ရပ်တန်းကရပ်အောင် ပြုလုပ်သင့်ပြီး ပြည်သူတွေကို အကြမ်းဖက်ဖိနှိပ်မှုတွေမှာ ပူးပေါင်းဆောင်ရွက်မှုတွေကိုလည်း ငြင်းဆန်သင့်နေပါပြီ။

## နိုင်ငံရေးအန်တုမှုတိုက်ပွဲမှာ ပြည်သူအများ ပူးပေါင်း ဆောင်ရွက်လာကြအောင် ဘယ်လိုလုပ်ရမလဲ။

ကျနော်တို့ဟာ အခြေခံကျတဲ့ စည်းကမ်းတွေနဲ့ အဆင့်ငယ်များစွာကနေ စတင်ဖြတ်သန်းရမှာ ဖြစ်ပါတယ်။ မြန်မာပြည်ဟာကျနော်တို့နိုင်ငံပါ။ ဘိုးဘွားအမွေအနှစ်အရ ပိုင်ဆိုင်ခဲ့ကြပြီး သားစဉ်မြေးဆက် ကျနော်တို့ ဆက်လက် ပိုင်ဆိုင်ကြရမှာဖြစ်ပါတယ်။ အာဏာရှင်တွေပိုင်ဆိုင်တဲ့ နိုင်ငံ မဟုတ်ပါဘူး။ ကျနော်တို့နိုင်ငံကို အာဏာရှင်တွေလက်က ပြန်လုယူရပါမယ်။ ကျနော်တို့ကိုယ်ကျနော်တို့ တန်ဖိုးထား ကြရပါလိမ့်မယ်။ ဒီမိုကရေစီအရေးအတွက် ပုံအပ်ထားတဲ့ ကျနော်တို့ရဲ့စွမ်းအားတွေကို ယုံကြည်ကြရပါလိမ့်မယ်။ ဒီမို ကရေစီတိုက်ပွဲဟာ များစွာအန္တရာယ်ရှိကြောင်း ကျနော်တို့ သိထားကြပါတယ်။ သို့ပေမယ့် ကျနော်တို့မိသားစုတွေအ တွက် ပိုမိုကောင်းမွန်စွာ နေထိုင်ရမယ့်ဘဝ၊ ရရှိလာမယ့် တန်ဖိုးရလာဒ်ဟာ ပိုကြီးမားပါတယ်။ အကြောက်တရားကို ထိန်းသိမ်းပြီး၊ စနစ်တကျ ဉာဏ်ရည်ကိုအသုံးချပြီး မလို လားအပ်တဲ့ဖိနှိပ်မှုလာမှုတွေကို ရှောင်ရှားကြရပါလိမ့်မယ်။ ကျနော်တို့မှာ အစွမ်းအစမဲ့ဖြစ်နေတာဟာ ယာယီပါပဲ။ ကျ

ဖြစ်ရပါမယ်။ ကျနော်တို့အားလုံး ပါဝင်ဆောင်ရွက်နိုင်ကြပါတယ်။

ဥပမာအားဖြင့်...

■ ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ပြုခြင်း၊ သူ၏ရေးသားမှုများကို ဖတ်ရှုခြင်း၊ လက်ဆင့်ကမ်းခြင်း၊ ဖြစ်နိုင်ပါက သူမ၏တရားပွဲများသို့ တက်ရောက်ခြင်း၊ သူမ၏ဟောပြောချက်တိပ်ခွေများကို ဖြန့်ဝေခြင်း။

■ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ဘီဘီစီ၊ ဗွီအိုအေ၊လွတ်လပ်သောအာရှအသံတို့ကို နားထောင်ရန်၊ ခေတ်ပြိုင်နှင့်အခြားဒီမိုကရစီစာစောင်၊ စာတမ်းများကိုဖတ်ရှုခြင်း၊အခြားသူများကိုလည်း တိုက်တွန်းခြင်း။

■အာဏာရှင်များကို ကြောင့်ဖွင့်ဟာအန်တုရန် အင်အားမကောင်းသေးသောအချိန်အထိ အာဏာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိတ်တဆိတ် မသိမသာလျှော့ချရန်၊ ဥပမာအားဖြင့် အမိန့်များကို တလွဲလုပ်ခြင်း၊ သယ်ယူပို့ဆောင်

နော်တို့ကိုယ်ကျနော်တို့ လွတ်မြောက်ဖို့အင်အားတွေ စုစည်းနိုင်တာနဲ့အမျှ အသုံးချနိုင်တာနဲ့အမျှ အနေးနဲ့အမြန်ဆိုသလို အောင်ပွဲခံကြရမှာပါ။

ကျနော်တို့ဟာ ကျနော်တို့ခေါင်းဆောင်တွေ ချမှတ်ပေးတဲ့ နိုင်ငံရေးအန်တုမှုအစီအစဉ်အတိုင်း လိုက်နာကြရပါလိမ့်မယ်။ ကျနော်တို့ရဲ့အရည်အသွေး၊ အပြန်အလှန်နားလည်မှု၊ သတ္တိ၊ စည်းကမ်း၊ အပြန်အလှန် ကူညီပံ့ပိုးမှုတို့ကို ခိုင်မာစေကြရပါမယ်။ သည်းခံတရားပြည့်ဝပြီး တည်ကြည်ခိုင်မြဲရပါမယ်။ အာဏာရှင်တွေရဲ့ ရေသောက်မြစ်ကိုဖြတ်တောက်ဖို့ ကျနော်တို့မှာ လုံလောက်ခိုင်မာတဲ့ အင်အားစည်းကမ်းတွေရှိမှသာ အာဏာရှင်စနစ်ဟာ ပြိုပျက်ကျလာမှာဖြစ်ပါတယ်။

ကျနော်တို့ရဲ့ ဒီမိုကရေစီလှုပ်ရှားမှု အင်အားကောင်းလာဖို့ လုပ်ဆောင်နိုင်တဲ့ နည်းလမ်းများစွာရှိပါတယ်။ ရိုးရှင်းလွယ်ကူပြီး အန္တရာယ်နည်းပါးတဲ့ စွန့်စားမှုလုပ်ငန်းတွေနဲ့ ကျနော်တို့တိုက်ပွဲတွေကိုစတင်ပြီး ကျနော်တို့အင်အားကို တည်ဆောက်ရပါမယ်။ ကျနော်တို့လှုပ်ရှားမှုတွေဟာ ကျနော်တို့မဟာဗျူဟာနဲ့ တသားတည်းကျပြီး ကျနော်တို့ ဒီမိုကရေစီအဖွဲ့တွေရဲ့ ညွှန်ကြားမှုအတိုင်းသာ

ရေးများကို နှေးပစ်ခြင်း၊ အစိုးရရုံးများတွင် စာရွက်စာတမ်းများပျောက်စေခြင်း၊ ပစ္စည်းကရိယာများကို နေရာတလွဲထားပစ်ခြင်း၊ လူထုအတွက် မရှိမဖြစ်လိုအပ်သော ဆေးဝါး၊ အစာနှင့်ရေ ဖြန့်ဖြူးရေးလုပ်ငန်းများမှလွဲ၍ လုပ်ငန်းများအားလုံးကို နှေးပစ်ခြင်း။

■ ကွပ်မျက်ခံရသော၊ ထောင်ချခံရသော၊ ဒီမိုကရေစီလှုပ်ရှားသူများ၏မိသားစုများကို ထောက်ပံ့ခြင်း။

■ သံဃာများကို အရိုအသေပေးခြင်း၊ လှူဒါန်းခြင်း။ ယင်းတို့အထဲတွင် အာဏာရှင်များ၏သာသနာ့ဘောင်အတွင်းမှ ထုတ်ပယ်ခံရသော သံဃာများ၊ အာဏာရှင်များ၏ချုပ်ကိုင်မှုကိုငြင်းဆန်သော သံဃာများ၊ ထို့အပြင် လူထုကြီးလွတ်မြောက်ရေးနှင့် သာသနာတော်တည်တံ့ပြန့်ပွားရေးအတွက် ဆောင်ရွက်နေတဲ့ သံဃာများ အားလုံးပါဝင်ပါတယ်။

■ အာဏာရှင်တို့၏ ပုလိပ်များ၊ အရာရှိများကို နိုင်ငံရေးအန်တုမှု လှုပ်ရှားမှုများအကြောင်းကို သတင်းပေးရန် ငြင်းဆန်ခြင်း၊ ဖမ်းဆီးရန် ရှာဖွေနေသောသူကို နေရာပြောမပြ

ခြင်း။

■ သတင်းပေးဟု မသင်္ကာသူများကို ဖယ်ကျဉ်ထားခြင်း၊ မှန်သောသတင်းများမပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆန်ခြင်း၊ ဒီမိုကရေစီအင်အားစုများအကြား ၎င်းတို့အမည်များကို ဖြန့်ဝေထားခြင်း၊

■ဒီမိုကရေစီခေါင်းဆောင်များနှင့် ဆက်သားများကို ခရီးသွားလိုရာတွင် ကူညီပေးခြင်း၊ အစားအစာ၊ ပိုက်ဆံနှင့်အဝတ်အစားများ ထောက်ပံ့ခြင်း၊ လုံခြုံသောအိပ်ယာကို ပေးခြင်း။

■လူထုကိုရက်စက်စွာချေမှုန်းရန် ပေးသောအမိန့်များကို မနာခံလိုသောကြောင့် စစ်တပ်မှထွက်ပြေးသောရဲဘော်များ၊ စစ်တပ်သို့ မဝင်လိုသောလူငယ်များကို ကူညီပေးခြင်း။

■အစိုးရ၏လူထုစုဝေးပွဲများသို့ ဆန္ဒပြ၍ မချီတက်ဘဲနေခြင်း၊ ချီတက်လျှင်လည်း စိတ်မပါ မတက်မကြွလုပ်ခြင်း။

■ဒီမိုကရေစီအင်အားစုများ၏ သင်္ကေတအရောင်များကို ဝတ်ဆင်ခြင်း၊ အိမ်များ၊ လုပ်ငန်းဌာနများတွင် တပ်ဆင်ခြင်း။

■အဝတ်အစား၊ ဆံပင်ပုံစံများကို နည်းတမျိုးဖြင့် ဝတ်ဆင်ခြင်း။ (သို့မဟုတ်) ဒီမိုကရေစီခေါင်းဆောင်များကိုထောက်ခံကြောင်းပြသရန် ခမောက်များကို ဝတ်ဆင်ခြင်း။

■ နံရံများပေါ်တွင် ခေါင်းပုံများကိုရေးဆွဲခြင်း၊ လူထုမြင်ကွင်းတွင် ခေါင်းများကို အစာကျွေးခြင်း။

■ မိမိတို့၏ ဘဝတိုးတက်ရေးအတွက် လွတ်လပ်စွာ အပြုသဘောဆောင်သောလုပ်ငန်းများကို အစိုးရခွင့်ပြုချက်မပါဘဲ လုပ်ဆောင်ခြင်း၊ ဥပမာအားဖြင့် ရေတွင်းအသစ်များတူးခြင်း၊ လမ်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ ကျောင်းများကိုပြုပြင်ခြင်း...စသည်တို့ကို ပြုလုပ်နိုင်ပါတယ်။

အထက်ပါကဲ့သို့ (သို့မဟုတ်) အလားတူလုပ်ငန်းများဟာ ဒီမိုကရေစီလှုပ်ရှားမှုကို များစွာအထောက်အကူဖြစ်ပါတယ်။ ကျနော်တို့အားလုံး ဒီနည်းလမ်းများထဲက အခဆင့်များကို မှန်ကန်စွာ စတင်အသုံးပြုနိုင်ကြပါတယ်။ အ

ချို့အဆင့်များဟာ အန္တရာယ်ရှိပြီး လိမ္မာပါးနပ်ဖို့လိုပါတယ်။ ကျနော်တို့ အမြဲသတိရကြရမှာက ကျနော်တို့လှုပ်ရှားမှု တိုက်ပွဲတလျှောက်လုံး စစ်သားကောင်းတယောက်ရဲ့ စည်းကမ်းရှိမှုမျိုး လိုအပ်ပါတယ်။ ကျနော်တို့ရဲ့ယုံကြည်မှုအတွက် သတ္တိရှိဖို့လိုအပ်ပြီး၊ ဒေါ်အောင်ဆန်းစုကြည်ကို စံနမူနာပြုကြရပါလိမ့်မယ်။ အာဏာရှင်တွေက ပြုလုပ်လာမယ့် ခြိမ်းခြောက်မှုတွေကို တည်ငြိမ်စွာ၊ ယုံကြည်မှုရှိစွာ အာခံကြဖို့လိုပါတယ်။ မိမိတကိုယ် ရည်စည်းကမ်းရှိမှုနဲ့ အမိန့်နာခံတတ်မှုကိုလဲ ထိန်းသိမ်းရပါမယ်။ အာဏာရှင်များက အကြမ်းဖက်ဖိနှိပ်မှု၊ လှုံ့ဆော်မှုများရှိသည့်တိုင်အောင် အကြမ်းဖက်မှုကို ကျနော်တို့ လုံးဝရှောင်ကျဉ်ရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ အကြမ်းဖက်မှုကြောင့် ကျနော်တို့ ကျရှုံးနိုင်ပါတယ်။ ကျနော်တို့ဟာ ကျနော်တို့ရဲ့ တိုက်ပွဲနည်းလမ်းဖြစ်တဲ့ နိုင်ငံရေးအန်တုမှုနည်းလမ်းသက်သက်ကိုပဲ စွဲမြဲစွာအသုံးပြုကြရပါမယ်။

## အသင်းအပင်းများဖွဲ့ရန် မလိုအပ်ဘူးလား။

အသေအချာ လိုအပ်ပါတယ်။ ကျနော်တို့ရဲ့ ဒီမိုကရေစီအသင်းအဖွဲ့များဟာ ကျနော်တို့လှုပ်ရှားမှုရဲ့ အခြေခံဖြစ်ပါတယ်။ အာဏာရှင်တွေဟာ ကျနော်တို့ လူမှုအဖွဲ့အစည်းမှာရှိတဲ့ အသင်းအပင်းများကို ချုပ်ကိုင်ဖို့ကြိုးစားပြီး သူတို့ရဲ့အာဏာခိုင်မြဲလာအောင် လုပ်တတ်ကြပါတယ်။ သူတို့ရဲ့အုပ်ချုပ်မှုကို ပြင်းပြင်းထန်ထန် ဆန့်ကျင်မှုမဖြစ်လာအောင်လည်း ကာကွယ်ကြပါတယ်။ ပြည်သူတို့ရဲ့လွတ်မြောက်ရေးတိုက်ပွဲမှာ ကျနော်တို့ဟာ အဖွဲ့အစည်းအသစ်တွေကို များများဖွဲ့၊ ရှိပြီးသားအသင်းအဖွဲ့များကို ထိန်းချုပ်နိုင်အောင် ကြိုးစား၊ ပြီးတော့ ဒီမိုကရေစီထောက်ခံတဲ့ အင်အားစုတွေဖြစ်လာအောင်လုပ်ရမယ်။

ကျနော်တို့အဖွဲ့အစည်းများ ပိုမိုဖွဲ့စည်းလာနိုင်၊ ပိုမိုထိန်းချုပ်လာနိုင်တာနဲ့အမျှ ကျနော်တို့ ရဲ့ဒေါက်တိုင်များကို ပိုမိုဖန်တီးနိုင်ကြတာဖြစ်ပါတယ်။ မြန်မာပြည်ဟာ ကျနော်တို့နိုင်ငံပါ။ အာဏာရှင်တွေရဲ့ နိုင်ငံမဟုတ်ပါ။ ဒါကိုအမြဲသတိရကြရမယ်။ ဒီလိုဘဲ ကျနော်တို့ရဲ့အခွင့်အလမ်းတွေကလည်း ကျနော်တို့ရဲ့လိုအပ်ချက်တွေကို ဖြည့်ဆီးဖို့ဖြစ်ပြီး လက်တဆုပ်စာအာဏာရှင်တွေကို အကျိုးပြုဖို့မဟုတ်ဘူး။

မည်သည့်အဖွဲ့အစည်းမဆို ကြီးငယ်မဟူ ၎င်းတို့ ကိုယ်ပိုင်ကျင့်သုံးနိုင်တဲ့ အာဏာရှိပါတယ်။ အဖွဲ့အစည်း ကြီးလာတာနဲ့အမျှ လုပ်ရှားမှုအဝန်းအဝိုင်း ကျယ်ပြန့် အ စွမ်းထိရောက်လာတာနဲ့အမျှ အာဏာကျင့်သုံးနိုင်မှုဟာ ပိုမိုများပြားလာပါတယ်။ ကျနော်တို့မှာ အာဏာရှင်များ တိုက်ခိုက်ချိုးနှိမ်နေတဲ့ကြားထဲက ရှင်သန်ရပ်တည်နေနိုင်တဲ့ လွတ်လပ်တဲ့ အဖွဲ့အစည်းအချို့ရှိပါတယ်။ ကျနော်တို့ဟာ ဒီအဖွဲ့အစည်းတွေကို ကာကွယ်ပေးဖို့၊ သူတို့ရဲ့ လွတ်လပ်မှု နယ်ပယ်အဝန်းကို ကျယ်ပြန့်စေဖို့၊ ကူညီဖို့ တာဝန်ရှိကြပါ တယ်။ ဥပမာအားဖြင့်– အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဖြစ် ပါတယ်။ အာဏာရှင်တွေက အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ကို ချေမှုန်းပစ်ဖို့ ၊ တရားမဝင်ကြေညာပြစ်ဖို့ ကျနော်တို့ အနေနဲ့ အခွင့်အရေးမပေးသင့်ပါဘူး။

ဒီလိုအဖွဲ့အစည်းတွေကြားထဲက ဒီမိုကရေစီရှင် သန်ဖွံ့ဖြိုးလာမှုကို အာဏာရှင်များက နှစ်လိုလိုက်ရှစိမ့်ကြမှာမ ဟုတ်ပါဘူး။ သူတို့ဟာ ကျနော်တို့ရဲ့အဖွဲ့အစည်းများကို ဖိနှိပ်လာမှာ မုချပါ။ ဒီလိုဖိနှိပ်လာခဲ့ရင် အာဏာရှင်များရဲ့ ဖိနှိပ်မှုအဆင့်တိုင်းမှာ နိုင်ငံရေးအန်တုမှုအတွက် စစ်မြေပြင် များသဖွယ် ဖြစ်လာပါလိမ့်မယ်။ ကျနော်တို့အဖွဲ့အစည်း

များရဲ့ စည်းရုံးရေးစွမ်းရည်တွေမြှင့်တင်နိုင်ဖို့ ကျနော်တို့လုပ်ငန်းများစွာ ဆောင်ရွက်နိုင်ပါတယ်။ ကျနော်တို့အောက်ပါ လုပ်ငန်းတွေကို ဆောင်ရွက်နိုင်ပါတယ်။

■ ကျနော်တို့ဟာ နိုင်ငံရေးပါတီ (သို့မဟုတ်) လွတ်လပ်တဲ့ အသင်းအဖွဲ့တခုခုရဲ့ အသင်းဝင်အဖြစ်ပါဝင်ပြီး ၎င်းရဲ့လုပ်ငန်းဆောင်တာတွေမှာ ပါဝင်ဆောင်ရွက်နိုင်ပါတယ်။

■ ကြံ့/ဖွံ့အသင်းရဲ့ အသင်းဝင်အဖြစ်နေပြီး ၎င်းအဖွဲ့အစည်း ချိနဲ့အောင်လုပ်နိုင်ပါတယ်။ ဥပမာအားဖြင့် ၎င်းအသင်းရဲ့ပစ္စည်းဥစ္စာများ သုံးပစ်ခြင်း၊ ကောလဟာလများဖြန့်ဝေခြင်း၊ ခေါင်းဆောင်များအပေါ် ဝေဖန်ခြင်း၊ မကျေနပ်မှုများ များပြားလာစေခြင်း၊လုပ်ငန်းဆောင်တာများ နှေးကွေးစေခြင်းတွေဖြစ်ပါတယ်။

■ အများအကျိုးရှိမယ့် လုပ်ငန်းဆောင်တာတွေ လုပ်နိုင်ဖို့ နိုင်ငံရေးနဲ့မပတ်သက်တဲ့ အဖွဲ့အစည်းများ ထူထောင်နိုင်ပါတယ်။ ဥပမာ–ဝါသနာရှင်အသင်းများ၊ အားကစား၊ ဂီတ၊ စိုက်ပျိုးရေး၊ နိုင်ငံခြားဘာသာသင် စသဖြင့် ထူးခြားတဲ့ ဝါ

သနားတူရာ အသင်းအပင်းမျိုးတွေ ဖြစ်ပါတယ်။ သို့သော်လည်း ဒီအသင်းများကနေ အစိုးရကို ပွင့်ပွင့်လင်းလင်း အတိုက်အခံပြုဖို့မဟုတ်ပဲ အာဏာရှင်တွေချုပ်ကိုင်မှုမှ ကင်းလွတ်အောင် နေဖို့ပဲဖြစ်ပါတယ်။

■ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လမ်းညွှန်မှုများကို မိမိပါဝင်နေသောအဖွဲ့အစည်းမှ မသွေဖီအောင်ထိန်းသိမ်းပေးခြင်း၊ ကာကွယ်ပေးခြင်း၊ ဒေါ်အောင်ဆန်းစုကြည်ကိုထောက်ခံစေခြင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ဒီမိုကရေစီလှုပ်ရှားမှုများကို ပိုမိုအင်အားရှိလာအောင် စွမ်းဆောင်ပေးခြင်း။

■ နိုင်ငံရေးအန်တုမှုလုပ်ငန်းများ အလေးထားသော"လုပ်ငန်းလမ်းညွှန်"များကို မိမိအဖွဲ့အတွင်းရှိအဖွဲ့ဝင်များမှ ကျင့်သုံးလာစေရန် တွန်းအားပေးခြင်း၊ ဤလုပ်ငန်းစဉ်များထဲတွင် အကြမ်းဖက်လုပ်ငန်းမျိုးစုံမှ ရှောင်ကျဉ်ခြင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အခြားဒီမိုကရေစီခေါင်းဆောင်များ၏ ညွှန်ကြားချက်များအတိုင်းဆောင်ရွက်ခြင်း၊ အာဏာရှင်များနှင့်ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆန်ခြင်း။

■သင့်လျော်သော ဒီမိုကရေစီတောင်းဆိုချက်များချမှတ်ခြင်း၊ (ဥပမာအားဖြင့် နိုင်ငံရေးအကျဉ်းသားများအားလုံး လွှတ်ပေးရန်၊ ဒီမိုကရေစီနည်းအရရွေး ကောက်တင်မြှောက်ထားသောအစိုးရကို အာဏာလွှဲရန်၊ စစ်ရေးထိုးစစ်များ ချက်ခြင်းရပ်စဲပစ်ရန်– စသဖြင့် )

■ ယင်းကဲ့သို့ မိမိမျှော်မှန်းချက်များရရှိရေးအတွက် လုပ်ငန်းလမ်းညွှန်များကို ပြုစုရှင်းပြထားပေးခြင်း...စသည်တို့ဖြစ်ပေသည်။

## လှုပ်ရှားမှုကို မိမိအားကောင်းလာအောင် အခြားဘာလုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်မည်နည်း။

ကျနော်တို့ အင်အားကြီးလာတာနဲ့အမျှ ဒီမိုကရေစီလှုပ်ရှားမှုဟာ လူထုကြီးတရပ်လုံးကြားမှာ ပျံ့နှံ့လာမှာဖြစ်ပါတယ်။ ကျနော်တို့ဟာ အခြားနိုင်ငံရေးအန်တုမှုနည်းလမ်းတွေလဲ အသုံးပြုနိုင်ပါသေးတယ်။ ဒီနည်းတွေကတော့ အာဏာရှင်တွေကို အကြီးအကျယ် စိန်ခေါ်လှုပ်ရှား

ခြင်းဖြင့် လှုပ်ရှားသူတွေအတွက်လည်း အန္တရာယ်ကြီးတတ်ပါတယ်။ ဒီလှုပ်ရှားမှုအဆင့်မှာ ကျနော်တို့ခေါင်းဆောင်တွေ ညွှန်ကြားမှုအတိုင်း ကျနော်တို့ဟာ တသွေမတိမ်း လိုက်နာလုပ်ဆောင်ကြရပါမယ်။ ဒီလှုပ်ရှားမှုအဆင့်တွေကတော့

■ နိုင်ငံရေးအန်တုမှုနှင့်ဆိုင်သော လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အခြား ဒီမိုကရေစီစာအုပ်စာတမ်းများ ဖြန့်ဝေခြင်း။

■ ဒီမိုကရေစီခေါင်းဆောင်ကြီးများဦးဆောင်သော အကြမ်းမဖက်ချီတက်ပွဲ၊ အင်အားပြပွဲများတွင်ပါဝင်ခြင်း။

■ အာဏာရှင်များကြောင့် ကျဆုံးခဲ့ရသော ပြည်သူများ၊ သူရဲကောင်းများအတွက် အမှတ်တရနေ့များကျင်းပခြင်း။

■ အာဏာရှင်များကို မကူညီလိုသောကြောင့် အချို့အမိန့်၊ တာဝန်များကို တမင်တကာ မထမ်းဆောင်ခြင်း။

■" စစ်သားများကို ကျနော်တို့မှ မမုန်းကြောင်း၊ ကူညီပေးမှာဖြစ်ကြောင်း၊ စစ်သားများအဖို့ ပြည်သူများသည် မိမိမိသားစုများဖြစ်ကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းစွာနေလိုသော ပြည်သူများကို မပစ်သတ်ရန် " စသည်ဖြင့် သတင်းများဖြန့်ဝေရန်။

■ အချို့အစိုးရရုံးများတွင် အချို့သော လုပ်ငန်းလမ်းညွှန်ချက်များကို ပလပ်ထားခြင်း၊ ရှုပ်ထွေးစေခြင်း။

■ အာဏာရှင်များကိုပြောင်လှောင်သော ကြွေးကြော်သံများ၊ လွတ်လပ်ရေးကြွေးကြော်သံများကို နံရံများပေါ်တွင် ရေးသားခြင်း။

■ အာဏာရှင်များမှကျင်းပသော အစည်းအဝေးအချို့ကို မတက်ရောက်ဘဲနေခြင်း၊ အာဏာရှင်များ၏ လုပ်အားပေးအလုပ်များကို မလုပ်ဘဲနေခြင်း၊ အာဏာရှင်များသို့ မြေများ၊ မိမိထွက်ကုန်များကို မရောင်းဘဲနေခြင်း။

■ ဖမ်းဆီးခံရမည့် စာရင်းပါသူများကို သတိပေးချက်ပေးပို့

ခြင်း၊ (ရဲများနှင့် စစ်သားများအဖို့ ဤလုပ်ငန်းကို လုပ်ကိုင်နိုင်ပါတယ်။ အကယ်၍ ရှာဖွေရန်စေလွှတ်လိုက်ပါက "ရှာမတွေ့ဘူး" စသည်ဖြင့် အကြောင်းပြနိုင်ပါတယ်။)

■ ကျဆုံးသွားသော မျိုးချစ်ပုဂ္ဂိုလ်တဦး (သို့မဟုတ်) ဘာသာရေးကိုးကွယ်မှုအပေါ် အကြောင်းပြ၍ အလုပ်တနာရီရပ်နားခြင်း။

■ တပြိုင်နက်တည်း အိမ်များတွင်နေခြင်း၊ လမ်းများပေါ်တွင် လူသူကင်းရှင်းနေစေခြင်း၊ ပစ်ခတ်လိုသော စစ်သားများအတွက် ပစ်စရာ လူသူကင်းရှင်းနေစေခြင်း။

■ အထွေထွေသပိတ်ကြီးဖြင့် အစိုးရယန္တရားကြီးအား ရပ်ဆဲပစ်ခြင်း။

အထက်ပါကဲ့သို့သော နိုင်ငံရေးအန်တုမှုလုပ်ငန်းများကို လုပ်နိုင်ကြပါတယ်။ သို့သော် ကျနော်တို့ဒီမိုကရေစီခေါင်းဆောင်များရဲ့ လမ်းညွှန်မှုအောက်မှာ ဆောင်ရွက်ကြရမှာပါ။ ဤကဲ့သို့သော အန္တရာယ်များပြားတဲ့လုပ်ငန်းတွေကို အချိန်ကိုက်လုပ်နိုင်မှသာ အကျိုးရှိပါတယ်။

ဒါတွေကို ကျနော်တို့ခေါင်းဆောင်များက စီစဉ်ညွှန်ကြားပါလိမ့်မယ်။

## မုချ လွတ်မြောက်ရမည်။

နိုင်ငံရေးအန်တုမှုဟာ အာဏာရှင်တွေအတွက် အကြီးအကျယ်ခြိမ်းခြောက်မှုပဲ ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံရေးအန်တုမှုရဲ့ ဇီဇသဘောမှာကိုက ဒီမိုကရေစီတည်ဆောက်ခြင်း သဘောဆောင်တဲ့အတွက်ဖြစ်တယ်။ အာဏာဟာ လူထုဆီကဆင်းသက်လာပြီး၊ တချိန်ထဲမှာပဲ လူထုကိုလည်း အင်အားကြီးထွားလာစေလို့ဖြစ်တယ်။ နိုင်ငံရေးအန်တုမှုနည်းတွေကတဆင့် ကျနော်တို့ဟာ ကျနော်တို့အနာဂါတ်ကို ဖန်တီးနိုင်တဲ့သူတွေ ဖြစ်လာမယ်။ ဒါဟာ ဖြစ်လည်းဖြစ်သင့်တယ်။

ဒါပေမယ့် လွတ်လပ်ရေးရဖို့ မည်မျှကြာမည်လဲ။ ဒါဟာ အချက်အလက်များစွာအပေါ် တည်မှီနေပါတယ်။ ကျနော်တို့ခွန်အား၊ ဘယ်လောက်ကြီးမားသလဲဆိုတဲ့ အပေါ်တည်ပါတယ်။ (၅) နှစ်လည်းကြာနိုင်တယ်၊ (၅) လ,ပဲ ဖြစ်ရင်လည်းဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် တမုဟုတ်ချင်းတော့

ဖြစ်လာမှာမဟုတ်ပါဘူး။ လွတ်မြောက်ရေးလှုပ်ရှားမှုကြီးဟာ အစီအစဉ်အလိုက် တဆင့်ပြီးတဆင့် မြင့်တက်လာမှာဖြစ်ပါတယ်။ ကျနော်တို့အားလုံးဟာ ဒီတိုက်ပွဲအဆင့်တိုင်းမှာ ပါဝင်လှုပ်ရှားနိုင်ကြပါတယ်။

သြဇာအာဏာကြီးမားလာတာနဲ့အမျှ ကျနော်တို့ရည်မှန်းချက်တွေ ပိုပြီးကြီးမားစွာ ထားနိုင်ပါလိမ့်မယ်။ အကယ်၍ ကျနော်တို့အားလုံး ပါဝင်လာတာနဲ့အမျှ အာဏာရှင်တွေရဲ့ ဒေါက်တိုင်တွေဟာ ပြိုကျပျက်စီးရမှာပါ။ သူတို့ရဲ့တရားဝင်မှုကို အသိအမှတ်မပြုရင်၊ ကျွမ်းကျင်သူပညာရှင်များရဲ့ ဗဟုသုတအရည်အသွေးတွေ မရရှိရင် လူထုရဲ့ပူးပေါင်းဆောင်ရွက်မှုကို မရရင်၊ စီးပွါးရေးကို ထိန်းချုပ်လို့မရရင်၊ အစိုးရဝန်ထမ်းများရဲ့လုပ်ငန်းတွေ မရရှိရင်၊ စစ်တပ်နဲ့ရဲတွေက အမိန့်နာခံမှု ငြင်းပယ်လာကြရင်၊ ပြည်သူတွေက ဆန်အဖုအလုံ မစားရရင်၊ အာဏာရှင်စနစ်ဟာ ပြိုကွဲရမှာဖြစ်ပါတယ်။ သူတို့ရဲ့ဘေးနားက ဖိနှိပ်ရေးယန္တယားတွေဟာ ပြိုကွဲကုန်ကြပြီး သူတို့အာဏာတွေပြိုကွဲလာတာနဲ့အမျှ အာဏာရှင်တွေဟာ အနီးစပ်ဆုံးနိုင်ငံတကာလေဆိပ်ဆီကို ပြေးဖို့သာ ပြင်ကြရတော့မှာဖြစ်ပါတယ်။

လွတ်လပ်ရေးရပါပြီ။ ဒါပေမယ့် အာဏာရှင်

စနစ်အသစ်တခု ပြန်လည်လှမ်းမိုးဖို့ ကြိုးစားလာမှာကို ကျနော်တို့ကာကွယ်ကြရဦးမယ်။ အဲဒီအချိန်အထိ ကျနော်တို့မှာ ပြဿနာပေါင်းစုံ၊ အခက်အခဲတွေများစွာ ကြုံနေရဦးမှာမလွဲပါ။ ကျနော်တို့ဟာ ဒီမိုကရေစီဖယ်ဒရယ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်သွားကြဖို့ ရည်ရွယ်ထားတာနဲ့အမျှ ဒီပြဿနာများကို ဒီမိုကရေစီနည်းကျ ဖြေရှင်းသွားကြရမှာပါ။

လက်ရှိကာလဟာ ကျနော်တို့အတွက် ကူသူကယ်သူမဲ့ဘဝ၊ ကြောက်ရွံ့နေရတဲ့ဘဝကနေ နိုးထကြရတော့မယ့် အချိန်ဖြစ်ပါတယ်။ ကျနော်တို့ဟာ သတ္တိထွန်းပြောင်တဲ့ ကျနော်တို့ရဲ့ ဒုတိယအကြိမ် လွတ်လပ်ရေးတိုက်ပွဲဆင်နွှဲနေကြသူ အမျိုးသားကောင်း၊ အမျိုးသမီးကောင်းတွေနဲ့ ပူးပေါင်းကြရမယ့်အချိန်ပါ။ ကျနော်တို့ဟာ အာဏာရှင်စနစ်ကို ချုပ်ငြိမ်းစေဖို့၊ ဒီမိုကရေစီဖယ်ဒရယ်ပြည်ထောင်စုတည်ထောင်ဖို့ နိုင်ငံရေးအန်တုမှုနည်းကို သုံးကြရပါမယ်။ ဒီစနစ်ကသာ ကျနော်တို့ပြည်သူတွေရဲ့အကျိုးကို ဆောင်နိုင်ပါလိမ့်မယ်။

ကျနော်တို့အနာဂတ်ဟာ ကျနော်တို့လက်ထဲမှာ ရှိပါတယ်။ ကျနော်တို့မှာ ရွေးချယ်စရာက ရှင်းပါတယ်။

ကျွန်ဘဝနဲ့ ဆက်ပြီးအနှိပ်စက်ခံမလား၊ ဒီမိုကရေစီနဲ့ လွတ်လပ်မှု ယူကြမလား ရွေးချယ်ကြဖို့ဖြစ်ပါတယ်။ ခုချိန်က တိုက်ပွဲစကြရပါလိမ့်မယ်။ ကျနော်တို့ဟာ ကျနော်တို့နိုင်ငံကို ဘယ်လိုလွတ်မြောက်စေမယ်ဆိုတာ သိနေကြပါပြီ။ ကျနော်တို့ ညီညွတ်စွာလုပ်ဆောင်ကြပါစို့။ ကျနော်တို့ လုပ်နိုင်ပါတယ်။

**မုချ လွတ်မြောက်ရမည်။**

★ ★ ★

# နောက်ဆက်တွဲ

## အကြမ်းမဲ့တိုက်နည်းများ

### အကြမ်းမဲ့ကန့်ကွက်ဆန္ဒပြခြင်းနှင့် မိမိဘက်ပါအောင်ဆွဲဆောင်သောနည်းလမ်းများ။

**စည်းကမ်းတကျကြေငြာထုတ်ပြန်ချက်များ။**

(၁) လူထုဟောပြောပွဲများ၊
(၂) ကန့်ကွက်စာများ၊ ထောက်ခံစာများ၊
(၃) အသင်းအဖွဲ့များ၏ ထုတ်ပြန်ကြေငြာချက်များ၊
(၄) ပြည်သူလူထုက လက်မှတ်ထိုးထားသောစာတမ်းများ၊
(၅) အရေးယူမည်၊ တရားစွဲမည်ဟုကြေငြာချက်များ၊
(၆) လူစုလူအုပ်နှင့်ချီပြီး တင်သွင်းသောအသနားခံစာ၊ ပန်ကြားလွှာများ၊

**လူအများကြားရောက်အောင်ဆက်သွယ်ရေးများပြုလုပ်ခြင်း။**

**လူအများကြားရောက်အောင်ဆက်သွယ်ရေးများပြုလုပ်ခြင်း။**

(၇) သံချပ်၊ ရုပ်ပြောင်နှင့် သင်္ကေတအမှတ်အသားများ၊
(၈) အလံများ၊ ပိုစတာများနှင့် လူအများမြင်လောက်အောင် စာတမ်းများပြသထားခြင်း၊

(၉) စာရွက်စာတမ်းများ၊ လက်ကမ်းစာစောင်များ၊ စာရွက်များ၊
(၁၀) စာနယ်ဇင်း၊သတင်းစာများ၊
(၁၁) ဓါတ်ပြားများ၊ ရေဒီယိုနှင့်ရုပ်မြင်သံကြား၊
(၁၂) ကောင်းကင်တွင် စာတမ်းများရေးသော မိုးပျံကြော်ငြာနှင့် မြေပြင်ကြော်ငြာများ၊

**အဖွဲ့အစည်းများအလိုက်ကိုယ်စားပြုခြင်း၊**
(၁၃) ကိုယ်စားလှယ်လွှတ်ခြင်း၊
(၁၄) ပျက်ရယ်ပြုဆုပေးပွဲများ၊
(၁၅) အဖွဲ့နှင့်မဲဆွယ်ခြင်း၊
(၁၆) သပိတ်တားခြင်း၊
(၁၇) ပျက်ရယ်ပြုရွေးကောက်ပွဲများ၊

**လူထုအကြားဟန်အမူအရာနှင့်သရုပ်ဖော်ခြင်းများ၊**
(၁၈) အလံများထူခြင်း၊ အရောင်အသွေးများနှင့်ပြသခြင်း၊
(၁၉) အဝတ်အစားနှင့် လက္ခဏာများပြသခြင်း၊
(၂၀) ဆုတောင်းဝတ်ပြုမှုများ၊
(၂၁) သင်္ကေတအမှတ်အသားများပါသည့် ပစ္စည်းများကို

ဖြန့်ဝေခြင်း၊
(၂၂) သင်္ကန်းချွတ်ဆန္ဒပြပွဲများ၊
(၂၃) ကိုယ်ပိုင်ပစ္စည်းများ ဖျက်ဆီးခြင်း၊
(၂၄) မီးထွန်း၍ အထိမ်းအမှတ်ပြုသခြင်း၊
(၂၅) ရုပ်ပုံကားချပ်များ ခင်းကျင်းပြသခြင်း၊
(၂၆) ဆေးသုတ်ပြီး ကန့်ကွက်ဆန္ဒပြခြင်း၊
(၂၇) အမှတ်အသားသစ်များ၊နာမည်သစ်များထုတ်ပြန်ခြင်း၊
(၂၈) သင်္ကေတပါသည့်အသံများလုပ်ခြင်း၊
(၂၉) ပြန်လည်သိမ်းပိုက်မှုပြသည့်လက္ခဏာများ၊

**လူပုဂ္ဂိုလ်အလိုက် အနှောင့်အယှက်ပေးခြင်း၊**
(၃၁) အစိုးရအရာရှိများကို စိတ်ခြောက်ခြားလာအောင် လုပ် ခြင်း၊
(၃၂) အစိုးရအရာရှိများကိုမခံချိမခံသာဖြစ်အောင်လုပ်ခြင်း၊
(၃၃) ရင်းနှီးစွာ အပေါင်းအသင်းလုပ်ခြင်း၊
(၃၄) နှိုးကြားစွာနေထိုင်ခြင်း၊

**ပြဇာတ်နှင့်အဆိုအတီး၊**
(၃၅) ဟာသပြဇာတ်နှင့် အပြောင်အပျက်ပွဲများ၊

(၃၆) ပြဇာတ်နှင့်တီးလုံးများ၊
(၃၇) သီချင်းသီဆိုမှုများ၊

**စိတ်နှလုံးလှည့်လည်မှုများ၊**
(၃၈) ချီတက်လမ်းလျှောက်ပွဲများ၊
(၃၉) စီတန်းလှည့်လည်ပွဲများ၊
(၄၀) ဘာသာရေးစီတန်းလှည့်လည်ပွဲများ၊
(၄၁) ဘုရားဖူးသွားခြင်း၊
(၄၂)မော်တော်ကားများနှင့် စီတန်းလှည့်လည်မောင်းနှင်ခြင်း၊

**ကွယ်လွန်သူများအားဂုဏ်ပြုခြင်း၊**
(၄၃) နိုင်ငံရေးဝမ်းနည်းကြေကွဲမှုပြသခြင်း၊
(၄၄) ပျက်ရယ်ပြုအသုဘများ၊
(၄၅) ဆန္ဒပြသည့်အသုဘများ၊
(၄၆) သုသာန်သို့သွားရောက်၍အလေးပြုခြင်း၊

**လူမြင်ကွင်းများတွင်စုရုံးကြခြင်း၊**
(၄၇) ကန့်ကွက်မှုအတွက် သို့မဟုတ် ထောက်ခံမှုအတွက် စုစည်းခြင်း၊

(၄၈) ကန့်ကွက်ရေးစည်းဝေးပွဲများ၊
(၄၉) ရုပ်ဖျက်၍ ဆန့်ကျင်ဆန္ဒပြစည်းဝေးပွဲများ၊
(၅၀) သင်တန်းများပေးခြင်း၊

**နောက်ဆုတ်ခြင်းနှင့် စွန့်လွှတ်ခြင်းများ။**

(၅၁) ထွက်ခွါဆန္ဒပြခြင်းများ၊
(၅၂) တုံ့ဏှိဘာဝေ ဆိတ်ဆိတ်နေခြင်းများ၊
(၅၃) ဂုဏ်ထူးဘွဲ့တံဆိပ်များ ပြန်လည်အပ်နှံခြင်း၊ စွန့်လွှတ်ခြင်း၊
(၅၄) နောက်ကျော ခိုင်းထားခြင်း၊

**လူမှုရေးအကူအညီယိုင်းပင်းမှုအလုပ်တဲထားနိုင်သည့်နည်းများ**

**မလိုလား မနှစ်သက်သူများကို ဝိုင်းပယ်ခြင်း။**

(၅၅) သာရေးနာရေးသပိတ်၊
(၅၆) ကွက်ကြားလူမှုရေးသပိတ်၊
(၅၇) အဖျက်သမားများကို လက်ပိုက်ကြည့်နေခြင်း၊
(၅၈) အဆက်အသွယ်ဖြတ်တောက်ခြင်း၊
(၅၉) ဘာသာရေးကိစ္စများကိုကျောခိုင်းခြင်း၊

**ရပ်ရွာကိစ္စ၊ လူမှုရေးကိစ္စ၊ ဘုရားပွဲ၊ တရားပွဲစလေ့ထုံးစံနှင့် အဖွဲ့အစည်း စသည်တို့ကို အကူအညီအပေးဘဲထားလိုက်ခြင်းနည်းများ။**

(၆၀) ရပ်ရွာတွင်းပျော်ပွဲရွှင်ပွဲများနှင့် အားကစားပွဲများကို ရပ်ဆိုင်းထားလိုက်ခြင်း၊

(၆၁) ရပ်ရွာကိစ္စများကိုသပိတ်မှောက်ထားခြင်း၊

(၆၂) ကျောင်းသားသပိတ်၊

(၆၃) လူမှုရေးရာနှင့်ပတ်သက်သည့် စည်းကမ်းများကိုချိုး ဖေါက်ခြင်း၊

(၆၄) အပျော်တမ်းအဖွဲ့အစည်းများမှနှုတ်ထွက်ခြင်း၊

**လူမှုရေးပုံစံမှထွက်ခြင်း။**

(၆၅) ကိုယ်အိမ်ထဲမှာကိုယ်နေခြင်း၊

(၆၆) ကိုယ်ထိလက်ရောက် ဘာမျှအကူအညီပေးမှုမပြုခြင်း၊

(၆၇) အလုပ်သမားများ အုပ်စုလိုက်အလုပ်မှထွက်ခွာခြင်း၊

(၆၈) ဘေးမဲ့ခိုလှုံခြင်း၊

(၆၉) အစုလိုက်အပြုံလိုက် ကိုယ်ယောင်ဖျောက်ခြင်း၊

(၇၀) ဆန္ဒပြ၍ ပြည်ပြေးလုပ်လိုက်ခြင်း၊(Hijrat)

စီးပွားရေးအရကူညီယှိုင်ပင်းမှုမပြုလုပ်သည့်နည်းလမ်းများ၊

## (၁) စီးပွားရေးသပိတ်၊

**စားသုံးသူများကလုပ်ဆောင်နိုင်သောအရာများ။**

(၇၁) စားသုံးသူသပိတ်၊
(၇၂) သပိတ်မှောက်ထားသည့်ပစ္စည်းများကိုမသုံးဘဲထားခြင်း၊
(၇၃) ချိုးခြံချွေတာခြင်း၊
(၇၄) အိမ်လခမပေးဘဲထားခြင်း၊
(၇၅) အိမ်မငှားဘဲနေခြင်း၊
(၇၆) တိုင်းပြည်တဝှမ်းလုံးစားသုံးသူသပိတ်၊
(၇၇) နိုင်ငံတကာစားသုံးသူများသပိတ်၊

**အလုပ်သမားနှင့်ကုန်ထုတ်လုပ်သူများ၏လှုပ်ရှားမှု၊**

(၇၈) အလုပ်သမားသပိတ်၊
(၇၉) ကုန်ထုတ်လုပ်သူများသပိတ်၊

**ပွဲစားများ၏လှုပ်ရှားမှု၊**

(၈၀) ကုန်ပေးသွင်းသူများနှင့် ကုန်တင်ကုန်ချလုပ်သူများ၏ သပိတ်၊

**ပိုင်ရှင်များနှင့် အုပ်ချုပ်မှုတို့၏လှုပ်ရှားမှု၊**

(၈၁) ကုန်သည် သပိတ်၊

(၈၂) ဈေးမရောင်းဘဲထားခြင်း၊ ပစ္စည်းများ၊ အိမ်များ မရောင်းခြင်း၊

(၈၃) ဆိုင်သော့ပိတ်ထားခြင်း၊

(၈၄) စက်မှုလက်မှုအကူအညီများမပေးခြင်း၊

(၈၅) ဈေးသည်များ၏အထွေထွေသပိတ်၊

**ဘဏ္ဍာငွေအရင်း မနှီးထောက်ပံ့သူများ၏လှုပ်ရှားမှု၊**

(၈၆) ဘဏ်၌သွင်းထားသောငွေများကိုထုတ်ယူခြင်း၊

(၈၇) အဖိုးအခများ၊ အကြွေးများ တန်ရာတန်ဖိုးများမပေးဘဲထားခြင်း၊

(၈၈) အကြွေးမဆပ်ဘဲနေ၊ အတိုးမပေးဘဲနေခြင်း၊

(၈၉) ထောက်ပံ့ကြေးများရပ်စဲ၊ အကြွေးမပေးဘဲနေခြင်း၊

(၉၀) အခွန်အကောက်ပေးရန်ငြင်းဆန်ခြင်း၊

(၉၁) အစိုးရငွေများကိုလက်မခံခြင်း၊

**အစိုးရများ၏လှုပ်ရှားမှု၊**

(၉၂) ပြည်တွင်းကုန်သွယ်ရေးရပ်စဲခြင်း၊
(၉၃) ကုန်သည်များအားနာမည်ပျက်စာရင်းသွင်းခြင်း၊
(၉၄) နိုင်ငံတကာမှရောင်းချသူများက အရောင်းအဝယ်ရပ်ဆိုင်းခြင်း၊
(၉၅) နိုင်ငံတကာမှဝယ်ယူသူများက အရောင်းအဝယ်ရပ်ဆိုင်းခြင်း၊
(၉၆) နိုင်ငံတကာမှအကူအညီရပ်ဆိုင်းခြင်း၊

## (၂) **သပိတ်**

**အထိမ်းအမှတ်သပိတ်များ။**

(၉၇) ကန့်ကွက်ဆန္ဒပြပွဲများ၊
(၉၈) တမဟုတ်ချင်း ဆန္ဒပြအလုပ်ခွင်မှထွက်သွားခြင်း၊

**လယ်ယာစိုက်ပျိုးရေးသပိတ်များ။**

(၉၉) လယ်သမားသပိတ်၊ရွာသူရွာသားများသပိတ်၊
(၁၀၀) လယ်ယာစိုက်ပျိုးသူများသပိတ်၊

**သီးသန့်အုပ်စုများသပိတ်၊**

(၁၀၁) အလုပ်ကျွမ်းကျင်သူများ၏သပိတ်၊

(၁၀၂) အကျဉ်းသားသပိတ်၊
(၁၀၃) လက်မှုပညာရှင်များသပိတ်၊
(၁၀၄) ပညာရှိလုပ်သားများသပိတ်၊
(၁၀၅) အလုပ်ရှင်သပိတ်၊
(၁၀၆) စက်မှုလက်မှုသပိတ်၊
(၁၀၇) ဆန္ဒပြမှုအား စာနာထောက်ခံအားပေးသည့်အနေဖြင့် သပိတ်မှောက် ခြင်း၊

**အကန့်အသတ်ထားပြီးမှောက်သည့်သပိတ်များ။**

(၁၀၈) တိတိကျကျမှောက်သောသပိတ်၊အသေးစိတ်စဉ်းစားပြီး မှောက်သောသပိတ်၊
(၁၀၉) အနှောက်အယှက်ဖြစ်ရုံမှောက်သောသပိတ်၊
(၁၁၀) အလုပ်နှောင့်နှေးအောင်မှောက်သောသပိတ်၊
(၁၁၁) ပြောရေးဆိုခွင့်ရအောင်သာ အလုပ်ဝင်နေကြောင်းပြသခြင်း၊
(၁၁၂) နေမကောင်း၍ အလုပ်မလာ ဟုပြောဆိုခြင်း၊
(၁၁၃) အလုပ်ထွက်စာတင်ခြင်း၊
(၁၁၄) အကန့်အသတ်ထားပြီး သပိတ်မှောက်ခြင်း၊
(၁၁၅) ကိုယ့်စိတ်ကြိုက်အလိုက်ကြည့်ပြီး မှောက်သည့်

သပိတ်၊

**အထွေထွေစက်မှုလက်မှုလုပ်ငန်းသပိတ်များ။**
(၁၁၆) ခြင်းချက်ထားပြီးမှောက်ခြင်း၊
(၁၁၇) ပြည်လုံးကျွတ်အထွေထွေသပိတ်၊

**နိုင်ငံရေးအရအကူအညီမပေးဘဲထားခြင်းနည်းများ။**
**သြဇာအာဏာကို ငြင်းပယ်လိုက်ခြင်း။**
(၁၂၀) သစ္စာခံမလုပ်ဘဲနေခြင်း၊ သစ္စာခံအဖြစ်မှ နုတ်ထွက်ခြင်း၊
(၁၂၁) လူထုထောက်ခံမှုကိုငြင်းပယ်ထားခြင်း၊
(၁၂၂) အတိုက်အခံဖက်ကို ရှေ့နေလိုက်သည့်စာရွက် စာတမ်းများ၊ဟောပြောပွဲများ၊

**ပြည်သူတို့ကအစိုးရကိုအကူအညီမပေးဘဲနေခြင်း။**
(၁၂၃) ဥပဒေပြုအဖွဲ့ကို သပိတ်မှောက်ခြင်း၊
(၁၂၄) ရွေးကောက်ပွဲများကို သပိတ်မှောက်ခြင်း၊
(၁၂၅) အစိုးရအလုပ်၊အစိုးရရာထူးများကို သပိတ်မှောက်ခြင်း၊

(၁၂၆) အစိုးရဌာနများ၊ ဌာနခွဲများ၊ အဖွဲ့အစည်းများကို သပိတ်မှောက်ခြင်း၊
(၁၂၇) အစိုးရပညာရေး၊ ကျောင်းများ၊ အဖွဲ့အစည်းများမှ နုတ်ထွက်ခြင်း၊
(၁၂၈) အစိုးရအထောက်အပံ့ခံ အသင်းအဖွဲ့များကို သပိတ်မှောက်ခြင်း၊
(၁၂၉) ဥပဒေကို ခိုင်လုံတင်းကြပ်အောင်လုပ်နေသည့် ရုံးများကို အကူအညီမပေးဘဲထားခြင်း၊
(၁၃၀) ကိုယ့်ရာထူးအမှတ်အသား၊ နေရာအမှတ်အသားများကို ပယ်ဖျက်ခြင်း၊
(၁၃၁) ခန့်ထားလိုက်သည့်အရာရှိများကို လက်မခံဟု ငြင်းဆန်ခြင်း၊
(၁၃၂) လက်ရှိဌာနအသင်းအဖွဲ့အစည်းတို့ကို ရုပ်သိမ်းနိုင်းလျှင် ငြင်းဆန်ခြင်း၊

**ပြည်သူတို့က တမျိုးတမည်အမိန့်ကိုဖီဆန်ခြင်း။**

(၁၃၃) အလုပ်ကို မလုပ်ချင်လုပ်ချင်လုပ်ခြင်း၊ဖြေးဖြေးလုပ်ခြင်း၊
(၁၃၄) တိုက်ရိုက်ကြီးကြပ်မည့်သူ မရှိသောအခါ အမိန့်ကို

မနာခံဘဲနေခြင်း၊
(၁၃၅) အများနှင့်ရောပြီး အမိန့်ကိုဆန့်ကျင်ခြင်း၊
(၁၃၆) စကားနားမထောင်ချင် ဟန်ဆောင်ခြင်း၊
(၁၃၇) စုရုံးစည်းဝေးပွဲများကို လူစုခွဲခိုင်းလျှင် နားမထောင်ပဲ
နေခြင်း၊
(၁၃၈) ထိုင်သပိတ်မှောက်ခြင်း၊
(၁၃၉) ရွေးတပ်ဆွဲလျှင်မလိုက်ခြင်း၊
(၁၄၀) ပုန်းအောင်းနေခြင်း၊ ထွက်ပြေးခြင်း၊ နာမည်ပြောင်း၊
လိပ်စာပြောင်း၊ အမှန်များမပေးဘဲနေခြင်း၊
(၁၄၁) တရားမဝင်သည့်ဥပဒေများကို ဖီဆန်ခြင်း၊

**အစိုးရအလုပ်သမားများ၏လှုပ်ရှားမှု**
(၁၄၂) အစိုးရကပေးသည့်ထောက်ပံ့ချက်အချို့ကိုငြင်းပယ်ခြင်း၊
(၁၄၃) အထက်ကချမှတ်သည့်အမိန့်၊ သတင်းစသည်တို့
ကို ပိတ်ဆို့ထားခြင်း၊
(၁၄၄)အလုပ်များတန့်ထားခြင်း၊ နှောင့်နှေးအောင်လုပ်
ထားခြင်း၊
(၁၄၅) အထွေထွေအုပ်ချုပ်ရေးကိုလည်း ဝင်ရောက်မကူညီ
ခြင်း၊

(၁၄၆) အလုပ်ကြီးကြပ်သူများက တမင်သက်သက် အလုပ်မလုပ်တတ်သည့်ဟန်ဆောင်နေခြင်း၊ အကူအညီမပေးဘဲ နေသင့်သည့်ကိစ္စများကို မျက်နှာလွှဲခြင်း၊
(၁၄၇) ပုန်ကန်ခြင်း၊

**ပြည်တွင်းအစိုးရလှုပ်ရှားမှု၊**

(၁၄၈) အာပတ်လွတ်သည့်နည်းဖြင့် အလုပ်ကိုရှောင်ခြင်း၊ အလုပ်အချိန်ဆွဲထားခြင်း၊
(၁၄၉) အစိုးရဌာနခွဲများက အကူအညီရပ်စဲခြင်း၊

**နိုင်ငံတကာအစိုးရ၏လှုပ်ရှားမှုများ၊**

(၁၅၀) သံတမန်ကိုယ်စားလှယ်စသည်တို့ကိုပြောင်းလဲခြင်း၊
(၁၅၁) သံတမန်အခမ်းအနားများကိုဆိုင်းထားခြင်း၊ ဖျက်ပစ်လိုက်ခြင်း၊
(၁၅၂) သံတမန်အသိအမှတ်မပြုခြင်း၊
(၁၅၃) သံတမန်ဆက်သွယ်ရေးဖြတ်ခြင်း၊
(၁၅၄) နိုင်ငံတကာအဖွဲ့အစည်းများမှထွက်ခြင်း၊
(၁၅၅) နိုင်ငံတကာအဖွဲ့အစည်းများသို့ဝင်ရောက်ခွင့်ကို ငြင်းပယ်ခြင်း၊

(၁၅၆) နိုင်ငံတကာအဖွဲ့အစည်းများမှထုတ်ပယ်ပစ်ခြင်း၊

## အကြမ်းမဲ့ဝင်ရောက်စွက်ဖက်နိုင်သည့်နည်းများ

**စိတ်ဓာတ်အားဖြင့်အနှောင့်အယှက်ပေးပြီးစွက်ဖက်ခြင်း။**

**စိတ်ဓာတ်အားဖြင့်အနှောင့်အယှက်ပေးပြီးစွက်ဖက်ခြင်း။** အအေးခံဆန္ဒပြခြင်း၊

(၁၅၇) နေပူထဲရပ်၊ မိုးရွာထဲနေ၊ အအေးခံဆန္ဒပြခြင်း၊
(၁၅၈) သီလဆောက်တည်ခြင်း၊
(က) စိတ်အလိုကိုမလိုက်ဘဲနေခြင်း၊
(ခ) အစာအငတ်ခံဆန္ဒပြခြင်း၊
(ဂ) အမှန်တရားလက်ကိုင်ထားပြီးသီလဆောက်တည်ခြင်း၊
(၁၅၉) ပြောင်းပြန်စစ်ဆေးစမ်းသပ်ခြင်း၊
(၁၆၀) အကြမ်းမဲ့အနှောက်အယှက်ပေးခြင်း၊

**ကိုယ်ထိလက်ရောက်စွပ်ဖက်ခြင်း။**

(၁၆၁) ထိုင်သပိတ်၊
(၁၆၂) ရပ်သပိတ်၊
(၁၆၃) အတင်းကားဝင်စီးခြင်း၊
(၁၆၄) တိုးပြီးဝင်ရောက်ခြင်း၊
(၁၆၅) အပေါင်းအဖော်တစုနှင့်အတင်းဝင်ရောက်ခြင်း၊

(၁၆၆) ဝင်ရောက်ဆုတောင်းခြင်း၊
(၁၆၇) အကြမ်းမဖက်ဘဲဝင်ရောက်စီးနင်းခြင်း၊
(၁၆၈) အကြမ်းမဖက်ဘဲ လေယာဉ်ပျံနှင့်ဝင်ရောက်ခြိမ်းခြောက်ခြင်း၊
(၁၆၉) အကြမ်းမဖက်ဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊
(၁၇၀) အကြမ်းမဖက်ဘဲ အောင်ဟာစ်ခြင်း၊
(၁၇၁) အကြမ်းမဖက်ဘဲ ပိတ်ပင်တားမြစ်ခြင်း၊
(၁၇၂) အကြမ်းမဖက်ဘဲ သိမ်းပိုက်အပိုင်စီးထားခြင်း၊

**လူမှုရေးရာဝင်ရောက်စွက်ဖက်မှုများ**
(၁၇၃) ပေါင်းသင်းဆက်ဆံရေးပုံစံသစ်ကို တည်ထောင်ခြင်း၊
(၁၇၄) ရေမီးစသည့် အများသုံးပစ္စည်းများကို အဆမတန်သုံးခြင်း၊
(၁၇၅) အတင်းဝင်ရောက်ပိတ်ဆို့ခြင်း၊
(၁၇၆) အတင်းစကားဝင်ပြောခြင်း၊
(၁၇၇) ပြောက်ကျားဇာတ်ပွဲကျင်းပခြင်း၊
(၁၇၈) အဖွဲ့အစည်းသစ်တမျိုးထူထောင်ခြင်း၊
(၁၇၉) ဆက်သွယ်ရေးစနစ်တမျိုးထွင်ခြင်း၊

**စီးပွားရေးရာအရဝင်ရောက်စွက်ဖက်ခြင်း၊**

(၁၈၀) တန်ပြန်သပိတ်၊
(၁၈၁) အလုပ်ခွင်တွင်း ထိုင်သပိတ်၊
(၁၈၂) အကြမ်းမဖက်သည့် မြေယာသိမ်းယူခြင်း၊
(၁၈၃) ပိတ်ဆို့ထားသည်တို့ကို ဖယ်ပစ်ခြင်း၊
(၁၈၄) နိုင်ငံရေးအရလုပ်ဆောင်ရသည်များကို အတုအယောင်ပြုလုပ်ခြင်း၊
(၁၈၅) ပစ္စည်းများကို ကြိုတင်ဝယ်ယူ သိုလှောင်ထားခြင်း၊
(၁၈၆) ရပိုင်ခွင့်ပစ္စည်းများကို သိမ်းဆည်းခြင်း၊
(၁၈၇) လွှင့်ပစ်ခြင်း၊
(၁၈၈) အပိုင်စီးသင့်သည်တို့ကို အပိုင်စီးခြင်း၊
(၁၈၉) ဈေးကွက်တမျိုး ထွင်ခြင်း၊
(၁၉၀) သယ်ယူပို့ဆောင်ရေးစနစ်တမျိုးတည်ထောင်ခြင်း၊
(၁၉၁) စီးပွားရေးအဖွဲ့အစည်းတမျိုး ပြောင်းပြီးထားခြင်း၊

**နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှု၊**

(၁၉၂) အုပ်ချုပ်ရေးစီမံခန့်ခွဲမှုစနစ်ကို မနိုင်မနင်းဖြစ်လာအောင်လုပ်ပေးခြင်း၊
(၁၉၃) လျှို့ဝှက်ထောက်လှမ်းရေးအေးဂျင့်များ မည်သူမည်

ဝါဖြစ်ကြောင်း ဖော်ထုတ်ပြသခြင်း၊

(၁၉၄) ထောင်ကျခံခြင်း၊

(၁၉၅) ဘက်မလိုက်သည့် ဥပဒေများကို ဖီဆန်ခြင်း၊

(၁၉၆) လုပ်ခိုင်းသည်များကိုမလုပ်ဘဲ ကိုယ်လုပ်ချင်ရာများ ကိုသာ ဆက်လုပ်ခြင်း၊

(၁၉၇) စင်ပြိုင်အစိုးရထောင်ခြင်း၊ စင်ပြိုင်ဘုရင်အား နန်း ထိုင်စေခြင်း၊

★ ★ ★